# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၁၉)၊ ၁၃၈၆ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၁၅ ရက် ၊ ၂၈-၃-၂၀၂၅၊ သောကြာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား စစ်ရေးပြစစ်ကြောင်းကြီးများက ချီတက်အလေးပြုစဉ်။

# နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် မတ် ၂၇

၂၀၂၅ ခုနှစ် မတ် ၂၇ ရက် ယနေ့တွင် ကျရောက်သည့် နှစ်(၈၀) ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့သည် စစ်ရေးပြစစ်ကြောင်းကြီးများအလိုက် သစ်တပ်စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိနေရာယူကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ထို့နောက် ဘက်ပိုက်တပ်စုနှင့် ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းအတွင်းရှိ သတ်မှတ်နေရာ၌ နေရာယူကြသည်။

စာမျက်နှာ ၅ သို့ ☆

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၂၇

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဓလ

၂၀၂၅ ခုနှစ် ၊ မတ် ၂၈ ရက်၊ သောကြာနေ့။
မန္တလေး

## အရည်အချင်းပြည့်ဝသည့် စက်မှုကျွမ်းကျင် လုပ်သားများ မွေးထုတ်ပေးလျက်ရှိ

စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုသင်တန်းကျောင်း(၈)ကျောင်းကို ဆင်တဲ၊ မန္တလေး၊ သာဂရ၊ ပခုက္ကူ၊ မကွေး၊ မြင်းခြံ၊ မုံရွာနှင့် သထုံမြို့များတွင် ဖွင့်လှစ်၍ အရည်အချင်းပြည့်ဝသည့် စက်မှုကျွမ်းကျင်လုပ်သား (၁၀၀၀)ကျော်ကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိသည်။

နိုင်ငံပိုင်စက်ရုံများ ရှင်သန်ရပ်တည်နိုင်ရေး၊ စီးပွားရေးအရ အမြတ်အစွန်းရရှိနိုင်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံချက်များ ချမှတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းကျောင်းမှ လေ့လာသင်ယူခဲ့ရသည့် အသိပညာ၊ အတတ်ပညာများကို စက်ရုံ၊ အလုပ်ရုံများတွင် ပြန်လည်အသုံးချပြီး နိုင်ငံ့အကျိုးကို တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြသည့် လူငယ်မောင်မယ်များဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့်အခြေခံလိုအပ်ချက်များကို တစ်ပြိုင်နက်တည်းတည်ဆောက်ရသကဲ့သို့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်းသည်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မောင်၊ မယ်တို့သည် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် မျိုးဆက်သစ်များဖြစ်၍ နိုင်ငံ၏အနာဂတ်သည် မောင်၊ မယ်တို့၏ အရည်အချင်းနှင့် ခံယူချက်များပေါ်တွင်မူတည်နေကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ရှိ အမှတ်(၅)စက်မှုသင်တန်းကျောင်း (မကွေး)၌ ကျင်းပပြုလုပ်သည့်အမှတ်စဉ်(၁၂)စက်မှုကျွမ်းကျင် (၁)နှစ်သင်တန်း သင်တန်းဆင်းပွဲအခမ်းအနားတွင် Virtual စနစ်ဖြင့် တက်ရောက်ရာ၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် သင်တန်းကျောင်းများအနေဖြင့် သင်တန်းတစ်ခု၊ အောင်လက်မှတ်(၂)မျိုးစနစ်ဖြင့် အမျိုးသားပညာရေးအဆင့် မူဘောင်အဆင့်(၄)နှင့်ညီမျှသော သင်တန်းဆင်းလက်မှတ် ပေးအပ်မည်ဖြစ်သကဲ့သို့ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ရရှိရေးအတွက်လည်း မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)မှ ကြီးမှူးပြုလုပ်ပေးသော ကျွမ်းကျင်မှုစစ်ဆေးရေး အကဲဖြတ်စာမေးပွဲများကို ဝင်ရောက်ဖြေဆိုနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာရေးအနေဖြင့် လခစားဝန်ထမ်းအဖြစ်သာမက စွန့်ဦးတီထွင်မှု စိတ်ဓာတ်များမွေးမြူပြီး လုပ်ငန်းရှင် လူငယ်များအဖြစ် ရရှိနိုင်စေရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးတို့အတွက်ပါ ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အရည်အချင်းပြည့်ဝသည့် စက်မှုကျွမ်းကျင်လုပ်သားကောင်းတစ်ယောက်မှသည် ထူးချွန်အောင်မြင်သော နိုင်ငံ့အကျိုးသယ်ပိုးထမ်းရွက်နိုင်ကြသူများဖြစ်လာအောင် မိမိကိုယ်ကို ထိန်းကျောင်းတည့်မတ်ရင်း ပြုမူနေထိုင်သွားရမည်ဖြစ်သည်။ "ကျွမ်းကျင်၊ ရိုးသား၊ စွမ်းရည်မြင့်မား၊ စက်မှုသင်တန်းသား" ဆိုသည့် စက်မှုသင်တန်းကျောင်း၏ဆောင်ပုဒ်နှင့်အညီ ယခုထက် ပိုမိုကျွမ်းကျင်အောင် မိမိတွင်ရှိသည့် စွမ်းရည်များ အဆင့်ဆင့် ပိုမိုမြင့်မားအောင် ဆက်လက်လေ့လာကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## သုတစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပ



**မိတ္ထီလာ မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ကွက်ငယ်ကျေးရွာအုပ်စု၊ ကွက်ငယ်ကျေးရွာ၌ နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၉ နာရီက သုတစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ သုတစာကြည့်တိုက် အဆောက်အအုံသစ်အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်ဦး၊ အဖွဲ့ဝင်(၂) ဦးကျော်ဇေယျ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်အောင်လေး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်နှင့် ကွက်ငယ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးနှင့် ကော်မတီဝင်များထံသို့ သုတစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြပြီး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကမ္ဗည်းကျောက်ပြားအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။ ထို့နောက် စာကြည့်တိုက်အတွင်း ကျေးရွာဒေသခံ ကျောင်းသူ၊ ကျောင်းသားများ စာအုပ်၊ စာစောင်များ ဖတ်ရှုလေ့လာနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ သုတစာကြည့်တိုက် အဆောက်အအုံသစ်အား မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းကော်မတီမှ မ တည်လှူဒါန်းငွေကျပ်သိန်း ၁၅၀နှင့် ကျေးရွာဒေသခံစေတနာရှင် အလှူရှင်များက လှူဒါန်းသည့်ငွေကျပ်သိန်း ၃၀ တို့ဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

(၄၅၃)

## ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

**မန္တလေး မတ် ၂၇**

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၂လမ်းရှိ အောင်မြေမန္တလာ အားကစားကွင်းနှင့် ဗထူးအားကစားကွင်းတို့တွင် ယနေ့ညနေပိုင်း၌ ကျင်းပရာ တိုင်းအား/ကာမှလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မိုးအောင်၊ မန္တလေးဘောလုံးသမားဟောင်းများအသင်းမှ အဖွဲ့ဝင်များ၊ ဘောလုံးဆပ်ကော်မတီဝင်များ၊ မြို့နယ်အား/ကာ မှတာဝန်ရှိသူများ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဘောလုံးဒိုင်လူကြီးများနှင့် အားကစားဝါသနာရှင်များ တက်ရောက်အား ပေးကြသည်။

ယနေ့ညနေ အောင်မြေမန္တလာကွင်း၌ မိတ္ထီလာမြို့နယ်အသင်းနှင့် တံတားဦးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မိတ္ထီလာမြို့နယ်အသင်းက ၁၃ ဂိုး ပြတ်ဖြင့်နိုင်ပြီး ဗထူးအားကစားကွင်း ညနေပွဲတွင် အမရပူရမြို့နယ်အသင်းနှင့် မြစ်သားမြို့နယ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ နှစ်သင်းစလုံး တစ်ဖက်နှင့် တစ်ဖက် နှစ်ဂိုးစီ သရေပွဲဖြစ်သွားကြောင်း သိရသည်။ **(အပေါ်ပုံ)**



(၀၄၀)

## တောင်တွင်းကြီးမြို့နယ်တွင် နွေစပါး ဧက ၉၀၀ ကျော်စိုက်ပျိုးပြီးစီး

**တောင်တွင်းကြီး မတ် ၂၇**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၌ နွေစပါးစိုက်ပျိုးခြင်းစွမ်းအားတိုးတက်မြင့်မားရေးအတွက် ရန်ပယ်ဆည်ရေ၊ ငမင်ဆည်ရေသောက်စနစ်တို့ဖြင့် ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က နွေစပါး လျာထားဧက ၉၀၀ ကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ သက်တမ်းတိုးအတွက်ကောင်းမျိုးများဖြစ်သည့် ဆာပိုးသားစပါးမျိုးနှင့် အောင်နိုင်တိုးစပါးမျိုးများကို စိုက်ပျိုးထားရှိပြီး စိုက်ပျိုးနည်းစနစ်အရ ကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာ၊ ပျိုးထောင်နည်းစနစ်များဖြင့် စိုက်ပျိုးထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(အောက်ဝဲပုံ)**



တောင်တွင်းကြီးမြို့နယ်တွင် နွေစပါး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ (Taskforce)အဖွဲ့ ဖွဲ့စည်း၍ စိုက်ပျိုးရေးနည်းစနစ်သင်တန်းဖွင့်လှစ်ပေးခြင်း၊ လယ်ယာစိုက်ပျိုးသည့် တောင်သူလယ်သမားများအား တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက်များဖြင့် နွေစပါးစိုက်ပျိုးခြင်းအား ကွင်းသရုပ်ပြခြင်းနှင့် ပေါင်းလိုက်သမန်းနှိုး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာရေနှောကြဲပက်ခြင်း၊ သွင်းအားစုများ ထောက်ပံ့ပေးခြင်း၊ နွေစပါးစိုက်ဧကများ ရေလုံလောက်မှုရရှိစေရေးအတွက် အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နောင်နောင်(ဗိသနိုးမြေ)

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

# ၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် ကျင်းပသော နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း



ရဲဘော်တို့

ဒီနေ့ဟာ နယ်ချဲ့လွတ်မြောက်ရေးလှုပ်ရှားမှုနဲ့ စတင်သန္ဓေတည်ခဲ့ပြီး လွတ်လပ်ရေးကြိုးပမ်းမှုနဲ့အတူ ပေါ်ပေါက်လာတဲ့ ဒို့တပ်မတော်ရဲ့ နှစ်(၈၀) ပြည့်တပ်မတော်နေ့ဖြစ်တယ်။ တစ်နည်းအားဖြင့် တပ်မတော်ဟာ သူတစ်ပါးသြဇာခံဘဝကနေ ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းရှိတဲ့ အမျိုးသားတပ်မတော်အဖြစ် ကူးပြောင်းခဲ့တာကို ကမ္ဘာ့သို့ ကြွေးကြော်ကြေညာခဲ့တဲ့နေ့ဖြစ်သလို နိုင်ငံ့လွတ်လပ်ရေးအတွက် တပ်မတော်နဲ့ တိုင်းရင်းသားပြည်သူတွေ လက်တွဲပြီး ဖက်ဆစ်ဝါဒီတွေကို စတင်တွန်းလှန်မောင်းထုတ်ခဲ့တဲ့ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ကို ဂုဏ်ပြုတဲ့နေ့ထူးနေ့မြတ်လည်း ဖြစ်တယ်။ ဒို့တပ်မတော်ရဲ့သမိုင်းကြောင်းဟာ မျက်မှောက်ခေတ်နိုင်ငံတော် ဖြတ်သန်းလာခဲ့ရတဲ့ သမိုင်းကြောင်းနဲ့ တစ်သားတည်းဆက်စပ်နေတာကြောင့် နှစ်(၈၀)ပြည့်မြောက်တဲ့ ဒီနေ့ဟာ ဒို့တပ်မတော်အတွက် ထူးခြားလေးနက်တဲ့နေ့တစ်နေ့ဖြစ်လို့ ဒီလိုသမိုင်းဝင်နေ့ထူးနေ့မြတ်မှာ ရဲဘော်တို့ကို သိသင့် သိထိုက်တာတွေ အလေးထားမှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့

ဒို့နိုင်ငံရဲ့သမိုင်းကြောင်းကို ပြန်ကြည့်ရင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာအားကောင်းတဲ့ကာလတွေမှာ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်ရယ်လို့ ထည်ဝါခံ့ညားစွာ ရပ်တည်နိုင်ခဲ့တာကို တွေ့ရှိရတယ်။ ကိုလိုနီနယ်ချဲ့တွေဟာ သယံဇာတပေါကြွယ်ဝတဲ့ ဒို့နိုင်ငံကို ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နဲ့ ၁၈၈၅ ခုနှစ်တို့မှာ မတရားကျူးကျော်စစ် ၃ ကြိမ် တိုင်တိုင်ဆင်နွှဲခဲ့တာကြောင့် နိုင်ငံတော်ရဲ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ လုံးဝလက်လွတ်ဆုံးရှုံးခဲ့ရတယ်။ ဒို့နိုင်ငံ ကိုလိုနီဘဝကျရောက်ခဲ့ချိန်မှာတော့ နယ်ချဲ့တွေဟာ ကာလကြာရှည် ကျွန်ပြုနိုင်ဖို့အတွက် ပရိယာယ်အမျိုးမျိုးနဲ့ သွေးခွဲ အုပ်ချုပ်မှုတွေ ပြုလုပ်ခဲ့ကြတယ်။ ဒီလို သွေးခွဲအုပ်ချုပ်မှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ တိုင်းရင်းသားတွေအကြား အချင်းချင်းမယုံကြည်မှုတွေဟာ လွတ်လပ်ရေးရပြီးချိန်မှာ အယူဝါဒကွဲပြားမှုတွေနဲ့ ရောယှက်ပြီး ကြီးမားတဲ့ လက်နက်ကိုင်ပဋိပက္ခကိုဖြစ်စေခဲ့တယ်။ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုဟာ ၁၉၄၉ ခုနှစ်မှာ ပိုမိုဆိုးရွားလာခဲ့တာကြောင့် ဒို့တပ်မတော်အနေနဲ့ ရန်ကုန်အစိုးရလို့ ခေါ်ရတဲ့ အနေအထားကနေ အသက်၊ သွေး၊ ချွေးများစွာပေးဆပ်ပြီး တိုင်းပြည်ကို ကယ်တင်ပေးနိုင်ခဲ့တယ်။

တပ်မတော်အနေနဲ့ ပြည်တွင်းသောင်းကျန်းမှုတွေအပြင် တရုတ်ဖြူ(ကူမင်တန်)နဲ့ မူဂျာဟစ်ကုလားဆိုးတွေရဲ့ ပြည်ပကျူးကျော်မှုတွေ နှိမ်နင်းခဲ့ရတာ စွဲစွဲမြဲမြဲမှတ်ထားကြဖို့လိုသလို အဲဒီအချိန်အဲဒီကာလမှာ ပါတီအကွဲအပြဲတွေကြောင့် ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးအကျပ်အတည်းကိုလည်း အိမ်စောင့်အစိုးရအဖြစ် ၁၉၅၈ ခုနှစ်မှာတာဝန်ယူပြီး နိုင်ငံတော်ကြီးတည်ငြိမ်အောင် အခက်ခဲမျိုးစုံကြားက ဖြေရှင်းဆောင်ရွက်ပေးခဲ့ရတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ အားနည်းချက်ကြောင့် တိုင်းပြည်ပြိုကွဲမယ့် အန္တရာယ်နဲ့ ကြုံတွေ့ခဲ့ရတဲ့ ၁၉၆၂ ခုနှစ်မှာလည်း တပ်မတော်ကပဲ ကာကွယ်စောင့်ရှောက်ပေးခဲ့ရပြန်တယ်။

ဒါ့အပြင် ၁၉၈၀ အလွန်ကာလ အဲဒီအချိန်က အာဏာရပါတီရဲ့ အားနည်းချက်တွေကြောင့် ၁၉၈၈ ခုနှစ်မှာ ဆူပူအုံကြွမှုတွေနဲ့ မင်းမဲ့စရိုက်ဆန်တဲ့ အပြုအမူတွေဖြစ်ပေါ်လာပြီး အုပ်ချုပ်ရေးယန္တရားတွေ ထိခိုက်ပျက်စီးလာချိန်မှာလည်း တပ်မတော်ကပဲ တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ပေးခဲ့ရတယ်။ ၂၀၁၀ ပြည့်နှစ်မှာတော့ ပြည်သူအများလိုလားတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို တပ်မတော်က ပုံဖော်ပေးခဲ့ပြီး ဒီမိုကရေစီအစိုးရနှစ်ဆက်မှာ ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်စေရေးအတွက် တပ်မတော်အနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်ပေါင်းစုံကနေ ပူးပေါင်းဆောင်ရွက်ပေးခဲ့တယ်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲမှာ အာဏာရပါတီဟာ အလွန်ရုပ်ဆိုးအကျည်းတန်တဲ့ မဲမသမာမှုတွေကို ပြုလုပ်ခဲ့ကြတယ်။ ဒီလုပ်ရပ်ဟာ ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ တရားမျှတပြီး စစ်မှန်တဲ့ ရွေးကောက်ပွဲတစ်ခုမဖြစ်ခဲ့ဘဲ ပါတီစုံဒီမိုကရေစီစနစ်ကို ပျက်ယွင်းစေတဲ့ မရိုးသားတဲ့ နိုင်ငံရေးလုပ်ရပ်ဖြစ်ခဲ့တယ်။ တပ်မတော်အနေနဲ့ ဖြေရှင်းဆောင်ရွက်ပေးဖို့ တရားဥပဒေနဲ့အညီ တောင်းဆိုခဲ့ပေမယ့်လည်း တောင်းဆိုချက်တွေကို လျစ်လျူရှုပြီး လွှတ်တော်ခေါ်၊ နိုင်ငံတော်အာဏာကို မတရားတဲ့ နည်းလမ်းနဲ့ အဓမ္မရယူဖို့ လုပ်ဆောင်ခဲ့တယ်။ ဒါကြောင့် ဒို့တပ်မတော်အနေနဲ့ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံ့တာဝန်တွေကို ထမ်းဆောင်ခဲ့ရတာဖြစ်တယ်။ ဒို့တပ်မတော်အနေနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကာလကနေ လက်ရှိအချိန်အထိ ခေတ်အဆက်ဆက်မှာ ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာမယ့် အန္တရာယ်တွေနဲ့ ကြုံတွေ့လာရတိုင်း နိုင်ငံတော်နဲ့ ပြည်သူအတွက် စွမ်းစွမ်းတမံကာကွယ်စောင့်ရှောက်ပေးခဲ့သလို အနာဂတ်ကာလမှာလည်း ဆက်လက် ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့

ဒို့နိုင်ငံမှာ ခေတ်စနစ်ရဲ့တောင်းဆိုချက်အရ ပြည်သူလူထုရဲ့ လိုအင်ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်တို့ကို ဖော်ဆောင်နိုင်ဖို့ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြုလုပ်ပြီး ၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုရဲ့ သဘောဆန္ဒအရ ရေးဆွဲထားခြင်းမဟုတ်ဘဲ နယ်ပယ်ကဏ္ဍ အသီးသီးက ကိုယ်စားလှယ် ၁၀၀၀ ကျော်ပါတဲ့ အစုအဖွဲ့ရှစ်ဖွဲ့နဲ့ အမျိုးသားညီလာခံတစ်ရပ်ကျင်းပပြီး ဖြတ်သန်းခဲ့ရတဲ့ သမိုင်းကြောင်းများအပေါ်မှာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရေးဆွဲခဲ့ကြတာဖြစ်တယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ပုဒ်မ ၂၀(စ)မှာ "တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်"လို့ အတိအလင်းပြဋ္ဌာန်းထားတာနဲ့အညီ ဒို့တပ်မတော်အနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်လျက်ရှိတယ်။ ဒါ့အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၆(စ)မှာ "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးကို အစဉ်တစိုက်ဦးတည်သည်" ဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့အညီ ဒို့တပ်မတော်ဟာ အမျိုးသားနိုင်ငံရေးတာဝန်ကိုလည်း ကျေပွန်စွာ ထမ်းဆောင်လျက်ရှိတယ်။ အမျိုးသားနိုင်ငံရေးဆိုတာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးအပေါ်မှာ အခြေခံပြီး နိုင်ငံတော်နဲ့ပြည်သူလူထုရဲ့ အကျိုးစီးပွားကိုသာ အစဉ်ရှေးရှုဖော်ဆောင်ဖို့ ရည်ရွယ်တဲ့ ထာဝရတည်မြဲသောနိုင်ငံရေးပဲဖြစ်တယ်။ တစ်နည်းအားဖြင့် အမျိုးသားနိုင်ငံရေးဆိုတာ ပါတီနိုင်ငံရေးမဟုတ်ဘဲ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်တဲ့ နိုင်ငံ့အရေးဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့

တပ်မတော်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ချိန် အစောပိုင်းကာလမှာ ဆူပူဆန္ဒပြမှုတွေသာ ဖြစ်ပေါ်ခဲ့ပေမယ့် အဲဒီအချိန်က လွှတ်တော်ကိုယ်စားလှယ်လောင်းအချို့ဟာ နိုင်ငံရေးကြောင့် ဖြစ်ပေါ်လာတဲ့ပြဿနာကို ဥပဒေနဲ့အညီ ဖြေရှင်းလိုခြင်းမရှိဘဲ လူထုရဲ့စိတ်ခံစားချက်ကိုအသုံးချပြီး အကြမ်းဖက်မှုတွေဖြစ်ပေါ်လာအောင် ဆင်ခြင်တုံတရားကင်းမဲ့စွာ သွေးထိုးလှုံ့ဆော်လာခဲ့ကြတယ်။ အဲဒီကမှတစ်ဆင့် NUG၊ CRPH နဲ့ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေ ဖွဲ့စည်းပြီး နိုင်ငံတစ်ဝန်း အကြမ်းဖက်မှုတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာအောင် လုပ်ဆောင်ခဲ့တာကို တွေ့ရမှာပဲဖြစ်တယ်။ အဲဒါတွေနဲ့အတူ နိုင်ငံတော်အကျိုးကို မလိုလားတဲ့ ပြည်ဖျက်မီဒီယာတွေဟာလည်း ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအကျပ်အတည်းကို ပိုမိုကြီးထွားလာစေဖို့ အထောက်အပံ့မျိုးစုံရယူပြီး မဟုတ်မမှန်သတင်းတွေနဲ့ ဝါဒဖြန့်ချိမှုတွေ လုပ်ဆောင်လာခဲ့ကြတယ်။ အစိုးရအုပ်ချုပ်မှုယန္တရားတွေ ဆက်ပြီးမလည်ပတ်နိုင်စေဖို့နဲ့ ဝန်ထမ်းတွေကို နိုင်ငံတော်နဲ့ပြည်သူအပေါ် သစ္စာမဲ့ကာ စွန့်ခွာသွားစေဖို့ လှုံ့ဆော်တာတွေ လုပ်ဆောင်ခဲ့ကြသလို တစ်ဖက်ကလည်း ခံယူချက်သဘောထားအမြင်ချင်း မတူညီသူတွေ၊ သူတို့ကို မထောက်ခံတဲ့သူတွေကို ဒလန်ခေါင်းစဉ်တပ်ပြီး ရက်ရက်စက်စက်သတ်ဖြတ်ခြင်းဖြင့် ပြည်သူတွေကြားမှာ အကြောက်တရား ကြီးစိုးလာအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လာခဲ့ကြတယ်။ တစ်နည်းအားဖြင့် နိုင်ငံရေးရည်မှန်းချက်ကို လက်နက်ကိုင် အကြမ်းဖက်နည်းလမ်းနဲ့ ရယူဖို့ ပြည်ပအထောက်အပံ့တွေနဲ့အတူ ကြိုးစားလာခဲ့ခြင်းဖြစ်တယ်။

ဒါ့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ဟာလည်း နိုင်ငံအတွင်း ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးပြဿနာကို အခွင့်ကောင်းယူပြီး PDF အမည်ခံအကြမ်းဖက်သမားတွေနဲ့ နိုင်ငံတော်လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးပျက်ပြားအောင် နည်းလမ်းပေါင်းစုံနဲ့ လုပ်ဆောင်ခဲ့ကြတယ်။ အပြစ်မဲ့ပြည်သူတွေကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်တာတွေ၊ သူတို့အလိုကျ ပူးပေါင်းဆောင်ရွက်ခြင်းမပြုတဲ့ မြို့ရွာတွေကို ပစ်ခတ်တိုက်ခိုက်တာတွေ၊ မီးရှို့ဖျက်ဆီးတာတွေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ လမ်း၊ တံတား၊ ယာဉ်နဲ့ လျှပ်စစ်တာဝါတိုင်တွေကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးတာတွေ စတဲ့အကြမ်းဖက်လုပ်ရပ်တွေကို အရှိန်မြင့် လုပ်ဆောင်ခဲ့ကြတယ်။ အထူးသဖြင့် လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကျင့်သုံးနေတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေဟာ ထာဝရငြိမ်းချမ်းရေးရရှိပြီး ပြည်ထောင်စုနဲ့အတူ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ပါဝင်လျှောက်လှမ်းရေးထက် နယ်မြေအလိုက် နယ်တစ်နယ် ဓားတစ်စင်း စစ်ဘုရင်ဝါဒကိုသာ ကျင့်သုံးလိုချင်တာကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်လာနိုင်တဲ့ အခြေအနေတွေဖြစ်ပေါ်ခဲ့ရတယ်။

> နယ်မြေဒေသအလိုက် အာဏာရရှိဖို့ ကြိုးစားနေကြတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ တိုက်ပွဲဖော်ဆောင်လာမှုတွေဟာ အပြစ်မဲ့ပြည်သူတွေရဲ့ အသက်အိုးအိမ်ပစ္စည်းဥစ္စာတွေနဲ့ မြို့ရွာတွေ ပျက်စီးဆုံးရှုံးခဲ့ရတဲ့အတွက် ပြည်သူအားလုံးက အလွန်ရှုံ့ရှာ စက်ဆုပ်မုန်းတီးနေကြပြီဖြစ်တယ်။ ဒါကြောင့် အပြစ်မဲ့ပြည်သူတွေအပေါ် အကြမ်းဖက်တိုက်ခိုက်နေမှုတွေကို လက်မခံနိုင်သလို ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာတဲ့လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်တွေကိုလည်း လုံးဝလက်သင့်ခံလို့မရတဲ့အတွက် တပ်မတော်အနေနဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ပူးပေါင်းပါဝင်မှုနဲ့အတူ တရားသောစစ်ကို ဆက်လက်ဆင်နွှဲသွားမှာဖြစ်

စာမျက်နှာ ၄ သို့

☆ စာမျက်နှာ ၃ မှ

နယ်မြေဒေသအလိုက် အာဏာရရှိဖို့ ကြိုးစားနေကြတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ တိုက်ပွဲဖော်ဆောင်လာမှုတွေဟာ အပြစ်မဲ့ပြည်သူတွေရဲ့ အသက်အိုးအိမ်ပစ္စည်းဥစ္စာတွေနဲ့ မြို့ရွာတွေ ပျက်စီးဆုံးရှုံးခဲ့ရတဲ့အတွက် ပြည်သူအားလုံးက အလွန်ရွံရှာ စက်ဆုပ်မုန်းတီးနေကြပြီဖြစ်တယ်။ ဒါကြောင့် အပြစ်မဲ့ပြည်သူတွေအပေါ် အကြမ်းဖက်တိုက်ခိုက်နေမှုတွေကို လက်မခံနိုင်သလို ဒို့တာဝန်အရေးသုံးပါးကိုထိပါးလာတဲ့ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်တွေကိုလည်း လုံးဝလက်သင့်ခံလို့မရတဲ့အတွက် တပ်မတော်အနေနဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ပူးပေါင်းပါဝင်မှုနဲ့အတူ တရားသောစစ်ကို ဆက်လက်ဆင်နွှဲသွားမှာ ဖြစ်တယ်။

မြန်မာ့သမိုင်းမှာ အကြမ်းဖက်လမ်းစဉ်ကျင့်သုံးပြီး အကျပ်ကိုင်တောင်းဆိုခဲ့တဲ့ ဖြစ်စဉ်တိုင်းမှာ တပ်မတော်အနေနဲ့ အလျှော့ပေးလက်ခံခဲ့တဲ့ အစဉ်အလာမရှိတာကြောင့် ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ဖို့နဲ့ ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက် ရဲဘော်တို့အနေနဲ့ အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားတဲ့စိတ်ဓာတ်နဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို ကျေပွန်စွာထမ်းဆောင်သွားကြဖို့ အလေးထားမှာကြားလိုတယ်။

ရဲဘော်တို့

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်ရာမှာ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိဖို့လိုအပ်တာကြောင့် ပြည်သူတစ်ဦးချင်းစီနဲ့ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတွေပူးပေါင်းပြီး လုံခြုံရေးအသိရှိရှိ ဆောင်ရွက်နိုင်ဖို့ ပြည်သူ့လုံခြုံရေးစနစ်ကို ဖော်ဆောင်လျက်ရှိတယ်။ ဒီလိုဖော်ဆောင်ရာမှာ ပြည်သူလူထု၊ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေနဲ့ လုံခြုံရေးတာဝန်ရှိသူအားလုံးက ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံးနဲ့ အတူတကွ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်တယ်။

ဒါ့အပြင် နိုင်ငံသားတိုင်းဟာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ရှိတာနဲ့အညီ သတ်မှတ်ထားတဲ့ အသက်အရွယ်နဲ့အကျုံးဝင်တဲ့ နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို ထမ်းဆောင်ခွင့်ရရှိရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်မှာ စတင်အသက်သွင်းခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်။ ပြည်သူ့စစ်မှုထမ်းတွေဟာ အလွှာပေါင်းစုံက ဝင်ရောက်တာဝန်ထမ်းဆောင်ကြသူတွေဖြစ်ပေမယ့်လည်း အတူစုပေါင်းလေ့ကျင့်မှုတွေပြုလုပ်ခဲ့တာကြောင့် အရောင်အသွေးတူ၊ အတွေးအမြင်တူ၊ ယုံကြည်ချက်၊ ခံယူချက်တူညီသူတွေဖြစ်လာပြီးတော့ နောင်တော်တပ်မတော်သားတွေနဲ့အတူလက်တွဲပြီး နိုင်ငံတစ်ဝန်းတာဝန်ကျရာတပ်အသီးသီးမှာ ကိုယ်စီတာဝန်တွေ ထမ်းဆောင်နေကြပြီဖြစ်တယ်။ ဒါကြောင့် တာဝန်သိနိုင်ငံ့သားကောင်းတွေဟာ ပြည်သူ့စစ်မှုထမ်းတွေအဖြစ် ခိုင်မာတဲ့အင်အားစုတစ်ရပ်အနေနဲ့ နိုင်ငံတော်ကာကွယ်ရေး တာဝန်တွေကို ထမ်းဆောင်နေကြပြီဖြစ်ကြောင်း ဂုဏ်ယူစွာနဲ့ ပြောကြားလိုတယ်။

> နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်ရာမှာ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေရှိဖို့လိုအပ်တာကြောင့် ပြည်သူတစ်ဦးချင်းစီနဲ့ သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိသူတွေ ပူးပေါင်းပြီး လုံခြုံရေးအသိရှိရှိ ဆောင်ရွက်နိုင်ဖို့ ပြည်သူ့လုံခြုံရေးစနစ်ကို ဖော်ဆောင်လျက်ရှိတယ်။ ဒီလိုဖော်ဆောင်ရာမှာ ပြည်သူလူထု၊ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေနဲ့ လုံခြုံရေးတာဝန်ရှိသူအားလုံးက ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံးနဲ့ အတူတကွ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်

ရဲဘော်တို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးဆိုတဲ့ နိုင်ငံရေး ရည်မှန်းချက် ၂ ရပ်ကို ခိုင်မာစွာအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိတယ်။ နိုင်ငံတော်အစိုးရက ချမှတ်ထားတဲ့ နိုင်ငံရေးရည်မှန်းချက်တွေကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ဒို့တပ်မတော်အနေနဲ့ ကျရာကဏ္ဍကနေ ပါဝင်ဆောင်ရွက်သွားကြရမှာဖြစ်တယ်။

ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် နိုင်ငံသူ နိုင်ငံသားအားလုံး စည်းလုံးညီညွတ်စွာနဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ပြီး နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြဖို့ လိုအပ်တယ်။ ပြည်ထောင်စုစိတ်ဓာတ်ဟာ အတိတ်သမိုင်းရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုမှာ အရင်းခံဖြစ်ခဲ့သလို အနာဂတ် ဒီမိုကရေစီနိုင်ငံတော်အတွက်လည်း အခြေခံအုတ်မြစ်ဖြစ်တယ်။ ဒို့နိုင်ငံမှာ တိုင်းရင်းသားအားလုံးဟာ တစ်မြေတည်းနေ တစ်ရေတည်းသောက်သူတွေဖြစ်လို့ အရေးကြုံလာရင် ပူးပေါင်းဆောင်ရွက်လိုတဲ့ စိတ်ဓာတ်နဲ့ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ အေးအတူပူအမျှ တစ်သွေးတည်း တစ်သားတည်းရှိတယ်ဆိုတဲ့ စိတ်ဓာတ်တွေရှိဖို့ အရေးကြီးဆုံးနဲ့ အလိုအပ်ဆုံး ဖြစ်တယ်ဆိုတာပြောကြားလိုတယ်။ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုတဲ့စကားအတိုင်း ပြည်ထောင်စုဖွား တိုင်းရင်းသားတွေအားလုံးရဲ့ စည်းလုံးညီညွတ်မှု အင်အားတွေနဲ့အတူ တက်ညီလက်ညီ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှုသာ မိမိတို့ရည်မှန်းထားတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မှာဖြစ်ကြောင်း အလေးထား ပြောကြားလိုတယ်။

ဒီလိုတည်ဆောက်နိုင်ဖို့ လုပ်ဆောင်ရာမှာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးနဲ့ ထာဝရငြိမ်းချမ်းရေးရရှိရေးဟာ အလွန်အရေးကြီးတယ်။ ဒို့တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ပတ်သက်ရင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်တွေအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမှာဖြစ်တယ်။ ဒါ့အပြင် လက်နက်ကိုင်လမ်းစဉ်နဲ့ အကြမ်းဖက်လမ်းစဉ်တွေကြောင့် နိုင်ငံတော်မှာ ဖြစ်ပေါ်ခဲ့ရတဲ့ ဆုံးရှုံးနစ်နာမှုတွေကို ထောက်ရှုပြီး ထာဝရငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူတွေနဲ့အတူ လက်တွဲဖော်ဆောင်နိုင်ဖို့အတွက် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ၊ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းတွေ၊ အကြမ်းဖက် PDF အဖွဲ့တွေအနေနဲ့ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်တဲ့လမ်းစဉ်ကို စွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းနဲ့ ရွေးကောက်ပွဲလမ်းကြောင်းတွေကတစ်ဆင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းဆောင်ရွက်နိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းထားပြီး ဖြစ်တယ်။ နိုင်ငံရေးနည်းလမ်းကို စားပွဲဝိုင်းပေါ်မှာ တွေ့ဆုံဆွေးနွေးခြင်းနဲ့သာ အဖြေရှာနိုင်မှာဖြစ်တာကြောင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုတွေကို အမြဲတမ်းကြိုဆိုလမ်းဖွင့်ထားကြောင်း ထပ်မံအသိပေးပြောကြားလိုတယ်။

ရဲဘော်တို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်ကစပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးအတွက် ရှေ့လုပ်ငန်းစဉ်နဲ့ ဦးတည်ချက်တွေ ချမှတ်ဆောင်ရွက်ခဲ့တယ်။ ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အရ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနဲ့ ရွေးကောက်ပွဲက ထွက်ပေါ်လာတဲ့အစိုးရကို နိုင်ငံတော်အာဏာ လွှဲအပ်နိုင်ရေး ဦးတည်ထားပြီး ရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း ပြန်လည်ကျင်းပပေးဖို့ တစိုက်မတ်မတ်ချမှတ်ထားတယ်။

နိုင်ငံ့တာဝန်ထိန်းသိမ်းပေးနေတဲ့ တပ်မတော်ရဲ့ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ယခုနှစ် ဒီဇင်ဘာလမှာ ရွေးကောက်ပွဲကျင်းပဖို့ ပြင်ဆင်မှုတွေ ဆောင်ရွက်လျက်ရှိရာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ ဒေသအလိုက်လုံခြုံရေးအခြေအနေတွေအပေါ်မူတည်ပြီး ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမှာဖြစ်လို့ လိုအပ်တဲ့ ပြင်ဆင်မှုတွေကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတယ်။ တစ်နည်းအားဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိဖို့၊ ပြည်သူလူထုရဲ့ စစ်မှန်တဲ့လိုလားချက်ဖြစ်တဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဖြစ်စေဖို့နဲ့ ဂုဏ်သိက္ခာရှိတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ ဆောင်ရွက်နေတယ်။

ရဲဘော်တို့

ဒို့တပ်မတော်ရဲ့ အဓိကတာဝန်ဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့အတွက် တပ်တိုင်းရဲဘော်တိုင်းမှာ "စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှု" ဆိုတဲ့ အခြေခံအရည်အချင်း (၅)ပါးနဲ့ ပြည့်စုံဖို့လိုအပ်တယ်။ အဲဒီအခြေခံအရည်အချင်းတွေနဲ့ပြည့်စုံပြီး အင်အားတောင့်တင်းတဲ့ တပ်မတော်တစ်ရပ်ဖြစ်လာစေဖို့အတွက် "လေ့ကျင့်ရေးနှင့်တည်ဆောက်၊ အုပ်ချုပ်ရေးနှင့်တည်ဆောက်၊ သက်သာချောင်ချိရေးနှင့်တည်ဆောက်၊ စိတ်ဓာတ်နှင့်တည်ဆောက်" ဆိုတဲ့ တပ်တည်ဆောက်ရေး လုပ်ငန်းကြီး(၄)ရပ်နဲ့အညီ တည်ဆောက်သွားရမှာ ဖြစ်တယ်။

တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄) ရပ်ဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်လျက်ရှိပြီး တပ်တွေရဲ့ လေ့ကျင့်မှုတွေမှန်ကန်မယ်၊ အုပ်ချုပ်ထောက်ပံ့မှုတွေ ကောင်းမွန်မယ်၊ သက်သာချောင်ချိရေး ဆောင်ရွက်ပေးမှုတွေ ပြည့်ဝနေမယ်ဆိုရင် တပ်ဖွဲ့ဝင်တွေနဲ့ မိသားစုဝင်တွေရဲ့ တပ်ရင်း၊ တပ်ဖွဲ့တွေအပေါ် ခင်မင်တွယ်တာမှု၊ တပ်မတော်အပေါ် လေးစားယုံကြည်အားကိုးမှု၊ တပ်မတော်နဲ့ နိုင်ငံတော်အတွက် စွန့်လွှတ်အနစ်နာခံလိုမှု စတဲ့ စိတ်ဓာတ်ကောင်းတွေဖြစ်ပေါ်လာမှာပဲဖြစ်တယ်။ အဲဒီလို စိတ်ဓာတ်ကောင်းတွေနဲ့အတူ စည်းလုံးညီညွတ်မှုခိုင်မာအားကောင်းတဲ့ တပ်ဖွဲ့တစ်ခုကို တည်ဆောက်ထားနိုင်မှသာ နိုင်ငံတော်နဲ့ တပ်မတော်က ပေးအပ်လာတဲ့တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နိုင်မှာဖြစ်လို့ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်ကို အလေးထား ဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

ရဲဘော်တို့

ဒို့တပ်မတော်သားတွေဟာ အများသူငါ လုပ်ဆောင်နိုင်ဖို့ခက်ခဲတဲ့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို ထမ်းဆောင်နေကြရတဲ့သူတွေဖြစ်တာကြောင့် စိတ်ဓာတ်ကြံ့ခိုင်မှုရှိဖို့ အထူးလိုအပ်တယ်။ စိတ်ဓာတ်ကြံ့ခိုင်မှုဆိုတာ အနိုင်မခံ၊ အရှုံးမပေးချင်တဲ့ စိတ်ဆန္ဒကနေ ဖြစ်တည်လာတာကြောင့် ရဲဘော်တို့အနေနဲ့

စာမျက်နှာ ၅ သို့ ☆

> ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် နိုင်ငံသူနိုင်ငံသားအားလုံး စည်းလုံးညီညွတ်စွာနဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ပြီး နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြဖို့လိုအပ်တယ်။ ပြည်ထောင်စုစိတ်ဓာတ်ဟာ အတိတ်သမိုင်းရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုမှာ အရင်းခံဖြစ်ခဲ့သလို အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက်လည်း အခြေခံအုတ်မြစ်ဖြစ်တယ်။ ဒို့နိုင်ငံမှာ တိုင်းရင်းသားအားလုံးဟာ တစ်မြေတည်းနေ တစ်ရေတည်းသောက်သူတွေဖြစ်လို့ အရေးကြုံလာရင် ပူးပေါင်းဆောင်ရွက်လိုတဲ့စိတ်ဓာတ်နဲ့ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ အေးအတူပူအမျှ တစ်သွေးတည်း တစ်သားတည်းရှိတယ်ဆိုတဲ့ စိတ်ဓာတ်တွေရှိဖို့ အရေးကြီးဆုံးနဲ့ အလိုအပ်ဆုံးဖြစ်တယ်ဆိုတာ ပြောကြားလိုတယ်။ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုတဲ့စကားအတိုင်း ပြည်ထောင်စုဖွားတိုင်းရင်းသားတွေအားလုံးရဲ့ စည်းလုံးညီညွတ်မှု အင်အားတွေနဲ့အတူ တက်ညီလက်ညီ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှုသာ မိမိတို့ရည်မှန်းထားတဲ့ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုကြီးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မှာဖြစ်

☆ ရှေ့ဖုံးမှ

ဆက်လက်ပြီး စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲကျော်သူ ဦးဆောင်၍ အလံတော်အဖွဲ့၊ ၎င်းနောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ရဲကျော်ကျော် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ ပါဝင်သည့် အနော်ရထာ စစ်ကြောင်း။

**ကျန်စစ်သားစစ်ကြောင်း**

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ထွန်းနိုင်ဦး ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေး အရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲတို့ပါဝင်သည့် ကျန်စစ်သားစစ်ကြောင်း။

စာမျက်နှာ ၆ သို့ »»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ စစ်ကြောင်းကြီးများချီတက်ချိန်တွင် စစ်သည်များအား ဂုဏ်ပြုပန်းကုံးများစွပ်၍ကြိုဆိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် စစ်ကြောင်းကြီးများချီတက်ချိန်တွင် စစ်သည်များအား ဂုဏ်ပြုပန်းကုံးများစွပ်၍ကြိုဆိုစဉ်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းများ၊ ရုပ်ရှင်ဂီတအနုပညာရှင်များ၊ ဒေသခံမိဘပြည်သူများက စစ်ကြောင်းကြီးများချီတက်ရာ လမ်းတစ်လျှောက်၌ ဂုဏ်ပြုပန်းကုံးများစွပ်၍ သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

☆ စာမျက်နှာ ၄ မှ

"တုံးတိုက်တိုက် ကျားကိုက်ကိုက်စိတ်ဓာတ်၊ လှေခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်၊ တပ်မတော်၏ အစဉ်အလာကို အသက်ပေးစောင့်ထိန်းလိုသည့် စိတ်ဓာတ်"စတဲ့ တပ်မတော်ရဲ့ စိတ်ဓာတ်တွေကို လေ့ကျင့်မွေးမြူထားကြရမှာ ဖြစ်တယ်။ ဒါမှသာ နိုင်ငံတော်နဲ့ တပ်မတော်က ပေးအပ်လာတဲ့တာဝန်တွေကို အသက်ကိုပဓာန မထားဘဲ မဆုတ်မနစ်တဲ့ ဇွဲလုံ့လနဲ့ ကျေပွန်အောင် ထမ်းဆောင်နိုင်မှာဖြစ်တယ်။ အဲဒီလို တာဝန် ထမ်းဆောင်တဲ့အခါမှာ ဒို့တပ်မတော်ဟာ စည်းကမ်းကိုအခြေပြုပြီး ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဖြစ်တာကြောင့် တစ်ဦးချင်းကိုယ်စီ စည်းကမ်းလိုက်နာမှုဟာ အရေးကြီးတယ်။ ဒို့တပ်မတော် ဒီနေ့အချိန်ထိ မယိမ်းမယိုင် ရပ်တည်နိုင်ခြင်းဟာ စစ်စည်းကမ်းကောင်းမွန်မှုနဲ့ အမိန့်နာခံတတ်မှုတွေကြောင့် ဖြစ်တယ်။ ဒို့တပ်မတော်သားအားလုံးအနေနဲ့ စစ်သည်တော်ကောင်းတစ်ဦးဖြစ်ဖို့ အခြေခံဖြစ်တဲ့ ကျင့်ဝတ် ၆၀ ပါးကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ စောင့်ထိန်းကြရမှာဖြစ်သလို စစ်မြေပြင် စည်းကမ်းတွေ၊ လုပ်ငန်းခွင်စည်းကမ်းတွေ၊ နယ်ဘက်ဆိုင်ရာ စည်းကမ်းဥပဒေတွေ၊ နိုင်ငံတကာမှာ လက်ခံကျင့်သုံးနေတဲ့ စစ်ပွဲဆိုင်ရာဥပဒေတွေနဲ့ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement-ROE)တွေကိုလည်း တိကျစွာလိုက်နာကြဖို့ လိုအပ်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ဥပဒေကို လေးစားလိုက်နာတဲ့ စစ်သည်တော်ကောင်းတွေဖြစ်အောင် ကျင့်ကြံနေထိုင်သွားကြဖို့ အလေးအနက်ထားမှာကြားလိုတယ်။

**ရဲဘော်တို့**


ရယူခြင်း၊ ခံစားခြင်းဆိုတာ သက်ရှိသတ္တဝါတိုင်းပြုမူကြတာဖြစ်ပေမယ့် စွန့်လွှတ်ခြင်းဆိုတာကတော့ မြင့်မြတ်တဲ့ လူသားတချို့သာပြုမူနိုင်ကြတဲ့ အမူအကျင့်ပဲဖြစ်တယ်။ မိမိတိုင်းပြည်အတွက်၊ မိမိပြည်သူအတွက်၊ မိမိနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအတွက် မိမိအသက်ခန္ဓာကို ပေးလှူစွန့်စားခြင်းဆိုတာကတော့ အာဇာနည်သူရဲကောင်း စိတ်ဓာတ်ပိုင်ရှင်တွေသာ ပြုမူနိုင်ကြတဲ့ အမူအကျင့်ပဲဖြစ်တယ်။ အဲဒီအမူအကျင့်တွေနဲ့ ပြည့်ဝနေသူတွေဟာ အများတကာလုပ်ဆောင်ဖို့ ခဲယဉ်းတဲ့ တာဝန်တွေနဲ့ ရင်ဆိုင်ကြုံတွေ့လာရချိန်မှာ စွန့်လွှတ်စွန့်စားမှုအပြည့်နဲ့ ဆောင်ရွက်ကြသလို နိုင်ငံနဲ့လူမျိုးအတွက် ဘယ်လိုအခက်အခဲကိုမှ အမှုမထားဘဲ မိမိအသက်ခန္ဓာကို စွန့်လွှတ်နိုင်တဲ့အထိ ကြံ့ခိုင်တဲ့စိတ်ဓာတ်၊ ပြောင်မြောက်တဲ့ သူရသတ္တိတွေနဲ့ ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်လေ့ရှိကြတယ်။ ဒါတွေဟာ စစ်သည်တော်ကောင်း တစ်ဦးမှာရှိအပ်တဲ့ အရည်အချင်းတွေဖြစ်ပြီး ဒီလိုခိုင်မာတဲ့ သန္နိဋ္ဌာန်စိတ်ဓာတ်တွေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို စွမ်းစွမ်းတမံထမ်းဆောင်ရင်း အသက်ခန္ဓာ စွန့်လွှတ်ခဲ့ရတဲ့ တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေနဲ့ ပြည်သူ့စစ် တပ်ဖွဲ့ဝင်တွေအားလုံးကို ပြည်သူ့သားကောင်းအာဇာနည်တွေအဖြစ် အစဉ်အသိအမှတ်ပြု လေးစားဂုဏ်ယူကြောင်း ပြောကြားလိုတယ်။ ဒါ့အပြင် လေးချက်သောသစ္စာကို နေ့စဉ်ရွတ်ဆိုပြီး နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို ထမ်းဆောင်နေကြတဲ့ ရဲဘော်တို့ဟာလည်း အမိနိုင်ငံတော်ရဲ့ မြတ်နိုးတန်ဖိုးထားဖွယ်ရာ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေဖြစ်ကြောင်း ဂုဏ်ပြုပြောကြားလိုတယ်။

**ရဲဘော်တို့**

နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်တွေဖြစ်တဲ့-

- ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး(၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။
- နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။
- နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။
- ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

စတဲ့ ဦးတည်ချက်တွေနဲ့အညီ ပြည်သူလူထုက ယုံကြည်အားထားရတဲ့ တပ်မတော်သားကောင်းတွေအဖြစ် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်တွေမှာ ပါဝင်မှတ်တမ်းရေးထိုးသွားကြပါလို့ အလေးအနက်ထားမှာကြားရင်း နိဂုံးချုပ်လိုက်တယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးစဉ်။

»»» စာမျက်နှာ ၅ မှ

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် အောင်အောင်နိုင် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၄)တို့ ပါဝင်သည့်ဘုရင့်နောင်စစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ဇော်ဟိန်းကြိုင် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု(အမျိုးသမီး)စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု (အမျိုးသမီး)စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၃)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု အမျိုးသမီး(ပညာသည်)စစ်ရေးပြတပ်ခွဲ(၃)တို့ ပါဝင်သည့် အောင်ဇေယျစစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ဇော်ဝင်းထွန်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၄)တို့ ပါဝင်သည့် ဆင်ဖြူရှင်စစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ညီညီဝင်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ လေကြောင်းချီစစ်ရေးပြတပ်ခွဲ၊ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ ပါဝင်သည့် ဗန္ဓုလစစ်ကြောင်း။

စစ်ကြောင်းမှူး ရဲမှူးချုပ် မောင်မောင်ဦး ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသမီး)စစ်ရေးပြတပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသား)စစ်ရေးပြတပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသား)စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသား) စစ်ရေးပြတပ်ခွဲ(၃)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသား) စစ်ရေးပြတပ်ခွဲ(၄)တို့ပါဝင်သည့်အောင်ဆန်းစစ်ကြောင်းတို့က စစ်တီးဝိုင်းအဖွဲ့များနှင့်အတူ စစ်ရေးပြကွင်းအတွင်းသို့ အစီအစဉ်အတိုင်း ချီတက်ကြသည်။

စာမျက်နှာ ၇ သို့ »»»



နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်လာစဉ်။





နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်လာစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin နှင့် အဖွဲ့ဝင်များ နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာစဉ်။



ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General Viktar Gennadyevich Khrenin နှင့် အဖွဲ့ဝင်များ နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာစဉ်။



နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

»»» စာမျက်နှာ ၆ မှ

ထိုသို့ချီတက်ချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၏ ဇနီးများက ဂုဏ်ပြုပန်းကုံးများ စွပ်၍ ကြိုဆိုကြသည်။ အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းများ၊ ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၊ ဒေသခံမိဘပြည်သူများကလည်း စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းတစ်လျှောက် သောင်းသောင်းဖြဖြ ကြိုဆိုကာ ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုခဲ့ကြပြီး စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ဇာတိသွေး၊ ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုချီတက်လာကြပြီး စစ်ရေးပြကွင်းအတွင်းသို့ ရောက်ရှိနေရာယူကြသည်။

### တက်ရောက်

အဆိုပါ နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယ ကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin နှင့် အဖွဲ့ဝင်များ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General Viktar Gennadyevich Khrenin နှင့် အဖွဲ့ဝင်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်သရေစည်သူ ကျော်စွာလင်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရဲဘော်သုံးကျိပ်ဝင် မိသားစုဝင်များ၊ အငြိမ်းစား တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစား တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ လွတ်လပ်ရေး မော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သား အငြိမ်းစား သံအမတ်ကြီးများ၊ နေပြည်တော် ကောင်စီဝင်များ၊ နိုင်ငံခြား စစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ အသွင်ပြောင်းပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့်ဗဟိုအကြံပေး ကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဗိုင်အမ်ဘီအေအသင်းကြီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်းဗဟိုတို့မှ တာဝန်ရှိသူများ၊ တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော်နေ့ အလှူရှင်များ၊ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အစည်းအရုံးနှင့် သေနင်္ဂဗျူဟာ လေ့လာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ တက်ရောက်ကြသည်။

### အလေးပြုပျံသန်း

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းသို့ရောက်ရှိပြီး အလေးပြုခံစင်မြင့်၌ နေရာယူရာ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။ ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် စစ်ရေးပြကွင်းသို့ ရောက်ရှိစဉ် MiG-29 ဘက်စုံသုံး တိုက်လေယာဉ် တစ်စင်းက ရှုရပ်ရှေ့တည့်တည့်မှ မီးကျည်များ ထုတ်လွှတ်၍ အလေးပြုပျံသန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးသည်။


### သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆို

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ စစ်ရေးပြ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

စာမျက်နှာ ၈ သို့ »»»



နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။






စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်အလေးပြုချိန်တွင် တပ်မတော် (လေ) မှ လေယာဉ်များ သရုပ်ပြပျံသန်းကြစဉ်။

»»» စာမျက်နှာ ၇ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားသည်။ **(မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ ၃၊ ၄ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ် ရဲကျော်သူ ဦးဆောင်သော စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ညီညာစွာ ချီတက်အလေးပြုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထိုသို့ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ MTX - 1 A လေယာဉ်တစ်စင်းနှင့် PT-6 လေယာဉ် နှစ်စင်းတို့က ရှုရပ်၏ ရှေ့တည့်တည့်သို့ Trail Formation ပုံစံဖြင့် လည်းကောင်း၊ H-125 ရဟတ်ယာဉ် နှစ်စင်းက Trail Formation ပုံစံဖြင့်လည်းကောင်း၊ Bell-206 ရဟတ်ယာဉ်တစ်စင်းက ရှုရပ်၏ လက်ဝဲဘက်မှ လက်ယာဘက်သို့ ပျံသန်း၍ လည်းကောင်း၊ Eurocopter နှစ်စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏ လက်ဝဲဘက်မှ လက်ယာဘက်သို့ ပျံသန်း၍ လည်းကောင်း၊ H-125 ရဟတ်ယာဉ် နှစ်စင်းက ရှုရပ်၏ အရှေ့ဘယ် ၄၅ ဒီဂရီမြင်ကွင်းမှ ၂၉၅ ဒီဂရီ လမ်းကြောင်းအတိုင်း Echelon Formation ပုံစံဖြင့် လည်းကောင်း၊ Bell-206 ရဟတ်ယာဉ် တစ်စင်းက ရှုရပ်၏ ရှေ့တည့်တည့်မှ ဒုတိယအကြိမ် ပျံသန်း၍ လည်းကောင်း၊ Eurocopter နှစ်စင်းက ရှုရပ်၏ အရှေ့ညာ ၄၅ ဒီဂရီမြင်ကွင်းမှ ၀၂၅ ဒီဂရီလမ်းကြောင်းအတိုင်းEchelon Formation ပုံစံဖြင့် ဒုတိယအကြိမ် ပျံသန်း၍ လည်းကောင်း၊ BEECH 1900D အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ် တစ်စင်းက ရှုရပ်၏ အရှေ့ဘယ် ၄၅ ဒီဂရီ မြင်ကွင်းမှ ၂၉၅ ဒီဂရီလမ်းကြောင်း အတိုင်း ပျံသန်း၍လည်းကောင်း၊ BEECH 1900D အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ် တစ်စင်းက ရှုရပ်၏ အရှေ့ညာ ၄၅ ဒီဂရီ မြင်ကွင်းမှ ၀၂၅ ဒီဂရီ လမ်းကြောင်းအတိုင်း ပျံသန်း၍ လည်းကောင်း၊ ATR 72 သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းက ရှုရပ်၏ ရှေ့တည့်တည့် တောင်မှ မြောက်သို့ပျံသန်း၍လည်းကောင်း၊ K-8 W တိုက်ခိုက်ရေးလေယာဉ် နှစ်စင်းက ရှုရပ်၏ အရှေ့ညာ ၄၅ ဒီဂရီ မြင်ကွင်းမှ ၀၂၅ ဒီဂရီ လမ်းကြောင်းအတိုင်း Echelon Formation ပုံစံဖြင့်လည်းကောင်း၊ Su-30 SME စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစား တိုက်လေယာဉ် နှစ်စင်းက ရှုရပ်၏ အရှေ့ဘယ် ၄၅ ဒီဂရီမြင်ကွင်းမှ ၂၉၅ ဒီဂရီ လမ်းကြောင်းအတိုင်း Echelon Formation ပုံစံဖြင့်လည်းကောင်း၊ Su-30 SME စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစား တိုက်လေယာဉ် နှစ်စင်းက ပွဲကြည့်စင်နောက်မှ ရှုရပ်၏အရှေ့ဘက်သို့ ပျံသန်း၍ Flare မီးကျည်များ ထုတ်လွှတ်၍ လည်းကောင်း အသီးသီးသရုပ်ပြ ပျံသန်းကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား အလေးပြုကြသည်။




နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကာ စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာခဲ့ပြီး ၂၀၂၅ ခုနှစ် နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြ ကျင်းပသော နေပြည်တော် စစ်ရေးပြကွင်းကြီးတွင် ခံ့ညားစွာစိုက်ထူထားသည့် ပထမ၊ ဒုတိယနှင့် တတိယ မြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးတို့၏ ကြေးရုပ်တုကြီးများကို လည်းကောင်း၊ တပ်မတော်နေ့ မီးရှူးတိုင်နှင့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် တံဆိပ်ကြီးကို လည်းကောင်း ဝင့်ထည်စွာတွေ့မြင်နိုင်သည့်အပြင် ဗမာ့လွတ်လပ်ရေး တပ်မတော်အလံ၊ ဗမာ့ကာကွယ်ရေးတပ်မတော်အလံ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)အလံများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ညွှန်ကြားရေးမှူးရုံး အလံများ၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ် အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၏ အမှတ်တံဆိပ်ပါ ရောင်စုံအလံများ တလွင့်လွင့် လွင့်ထူထားကြသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ပြီး စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းကြောင်း တစ်လျှောက်၌ စစ်ကြောင်းများ၏ ကိုယ်စားပြုအရောင်အလှမီးများ၊မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့် လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင် LED Strip Light များ အသုံးပြု၍ စစ်ကြောင်းကြီးများ၏ ကိုယ်စားပြုအရောင်များအတိုင်း ပြောင်းလဲအလှဆင်၍ လည်းကောင်း၊ လမ်းဘေးဝဲယာတစ်လျှောက်၌လည်း မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခံစင်မြင့် မျက်နှာမူရာရှိ သစ်ပင်များ၌လည်း Handmade အလှမီးများဖြင့်လည်းကောင်း၊ မင်းကြီးသုံးပါးရုပ်တု အောက်ခံ၌ တပ်မတော်အလံပုံဖော်ထားသည့် ကြယ်တံဆိပ်နှစ်ခုအား LED Strip Light များဖြင့် လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြန်လည်ထွက်ခွာမည့် လမ်းတစ်လျှောက်တွင်လည်း Flag Light Box များ၊ LED Strip Light များဖြင့် အသီးသီး ပုံဖော် အလှဆင်ထားသည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။

ထို့အပြင် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်-မန္တလေး ကားလမ်းမနှင့် ပင်လောင်းလမ်းဆုံတွင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန် တက်ကြွစေမည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကြူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိပြီး စစ်ရေးပြကွင်း ရှေ့ရှိလမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ ဆောင်ပုဒ်များကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ဆိုင်းဘုတ်များစိုက်ထူကာ စာတန်းများကိုလည်း ချိတ်ဆွဲထားရှိကြောင်း သိရသည်။ **သတင်းစဉ်**



စစ်ရေးပြစစ်ကြောင်းကြီးများ စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ဂုဏ်ပြုပန်းခြင်းချအလေးပြု

နေပြည်တော် မတ် ၂၇

ယနေ့တွင် ကျရောက်သည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းတွင် သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ဂုဏ်ပြုပန်းခြင်းချ အလေးပြုခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုပန်းခြင်းချ အလေးပြုသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများသည် သူရဲကောင်းဗိမာန်အတွင်းနှင့် ရင်ပြင်တွင် နေရာယူကြကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုပန်းခြင်းချပြီး တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့်အတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် အသက်စွန့်လှူခဲ့ရသည့် သူရဲကောင်းစစ်သည်များအား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများသည် သူရဲကောင်းဗိမာန် (နေပြည်တော်) ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးကြပြီး သူရဲကောင်း ဗိမာန်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ သူရဲကောင်းစစ်သည် ဗိမာန်(နေပြည်တော်)ကို နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး အတွက် အသက်ကိုစွန့်လွှတ်ခဲ့ရသည့် မြန်မာသူရဲကောင်းများကို ဂုဏ်ပြုရန်၊ အချုပ်အခြာအာဏာနှင့် လွတ်လပ်စွာအုပ်ချုပ်ခွင့်ရရှိပြီးသည့်နောက် အသိအမှတ်ပြုဖွယ်ရာ ရဲစွမ်းသတ္တိရှိစွာ ကြိုးစားအားထုတ်မှုများ ပြုလုပ်ရာတွင် အသက်ကိုစွန့်လွှတ်ခဲ့သည့် သူရဲကောင်းများကို ဂုဏ်ပြုရန်၊ ယင်းသူရဲကောင်းများအား နောင်လာနောက်သားများ အမြဲအမှတ်ရနေစေရန်နှင့် မျိုးဆက်သစ်လူငယ်များ၏စိတ်ထဲတွင် နိုင်ငံတော်ကို ချစ်သည့်စိတ်နှင့် နိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စားလိုသည့် စိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏လမ်းညွှန်ချက်အရ ၂၀၁၇ ခုနှစ် မတ် ၂၇ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဗိမာန်အတွင်း နံရံများ၌ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရင်း အသက်စွန့်လွှတ်ပေးလှူခဲ့ရသည့် အောင်ဆန်းသူရိယဘွဲ့ ရရှိခဲ့သူ၊ သီဟသူရဘွဲ့ ရရှိခဲ့သူ၊ သူရဘွဲ့ ရရှိခဲ့သူ၊ သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိခဲ့သူများ၏ အမည်များကို ဂရင်းနိုက် ကျောက်ပြားပေါ်၌ ရွှေစာလုံးများဖြင့် ရေးထွင်းမှတ်တမ်းတင်ဂုဏ်ပြုထားရှိကြောင်းနှင့် ဗိမာန်၏အပြင်ဘက်တွင်လည်း အောင်ဆန်းသူရိယဘွဲ့ ရရှိခဲ့သူ စစ်သည် ငါးဦးနှင့် အရပ်သားတစ်ဦးတို့၏ ပုံတူများကို ဂုဏ်ပြုစိုက်ထူထားရှိကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ဂုဏ်ပြုပန်းခြင်းချအလေးပြုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းဗိမာန်(နေပြည်တော်) ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး မစ္စတာ အူလာဇမီယာ ဘာရာဗီကူ ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၂၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ အခြေစိုက် ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး မစ္စတာ အူလာဇမီယာဘာရာဗီကူ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရေး၊ ဘယ်လာရုစ်နိုင်ငံမှထုတ်လုပ်သည့် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ မြန်မာနိုင်ငံသို့ တင်ပို့ရောင်းချဖြန့်ဖြူးရေး၊ ဆေးဝါးထုတ်လုပ်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာများလက်မှတ်ရေးထိုး၍ ဆေးတက္ကသိုလ်များအချင်းချင်း ဘွဲ့ကြိုနှင့်ဘွဲ့လွန် ဆေးပညာသင်ကြားမှုများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး၊ ဆေးနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များ အပြန်အလှန်စေလွှတ်ရေးနှင့် ဆေးရုံများအကြား ကုသရေးဆိုင်ရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်မြို့အခြေစိုက်ဘယ်လာရုစ်နိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးမှ ကိုယ်စားလှယ်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၂၇

တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင် တံဆိပ်များကို ချီးမြှင့်အပ်နှင်းပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့် ဇနီး၊ စာမျက်နှာ ၁၁ သို့ ÷



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူများအား ဆုတံဆိပ်များပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တပ်မတော်စွမ်းရည် သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံစဉ်။

✣ စာမျက်နှာ ၁၀ မှ

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် လက်ခံရယူကြမည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယနေ့တွင် ကျရောက်သည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ နေ့ထူးနေ့မြတ်အခါသမယတွင် တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် အသက်ကို ပဓာနမထားဘဲ စွမ်းစွမ်းတမံ သယ်ပိုးခဲ့ကြသူများအား တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ဖြစ်သည့် သူရဲကောင်း မှတ်တမ်းဝင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် သူရဲကောင်းများစွာ ပေါ်ထွက်ခဲ့သည့် အစဉ်အလာကောင်း သမိုင်းကြောင်းများရှိသည့် နိုင်ငံတစ်ခုဖြစ်သည်မှာ အထောက်အထားခိုင်ခိုင်လုံလုံဖြင့် ရှိနေကြောင်း၊ ရိုးသားခြင်း၊ နှိမ့်ချခြင်း၊ ကိုယ်ချင်းစာတရားထားရှိခြင်းနှင့် မတရားမှုမပြုလုပ်ခြင်းတို့သည် မိမိတို့လူမျိုး၏ ထူးခြားလေးနက်သည့်သွင်ပြင်လက္ခဏာတစ်ခုလည်း ဖြစ်ကြောင်း၊ သို့သော်လည်း ကိုယ့်အပေါ် မတရားမှုကျူးလွန်မှုဖြစ်လာခဲ့ပါက ထိုက်သင့်သည့် တုံ့ပြန်မှုများနှင့် ဇာတိပုညဂုဏ်မာနရဲဝံ့ထက်သန်မှုရှိသည်ကို အကြိမ်ကြိမ်အခါခါ ပြသနိုင်ခဲ့ကြသူများလည်းဖြစ်ကြောင်း၊ အမျိုး၊ ဘာသာ၊ သာသနာကို ထိပါးလာချိန်တိုင်း မြန်မာပီပီခေါင်းငုံ့မခံဘူးဟူသည့် ဇာတိနှင့်အစဉ်အလာကို မြန်မာ့သူရဲကောင်း အဆက်ဆက်က ကမ္ဘာ့ကမ္ဘာ့ပြည်မေော်ကွန်းထိုးခဲ့ကြသည်ကို စံပြုအတုယူဖွယ်တွေ့မြင်နိုင်ကြောင်း။

မိမိတို့ တပ်မတော်သားများသည် တိုင်းပြည်နှင့်လူမျိုးကို ထိပါးလာသည့် အဖျက်ရန်စွယ်မှန်သမျှကို သူရသတ္တိအပြည့်ဖြင့် ယှဉ်ပြိုင် အနိုင်ယူခဲ့ကြသကဲ့သို့ ပြောင်းလဲ တိုးတက်လာသည့် နည်းပညာများကိုလည်း ဆင့်ပွားတီထွင်နိုင်စွမ်းရှိအောင် ကြိုးစားပုံဖော်နိုင်ခဲ့ကြကြောင်း၊ ထို့ကြောင့် ရဲစွမ်းသတ္တိအရာတွင်သာမက သိပ္ပံနှင့် နည်းပညာနယ်ပယ်များ၌ ထူးချွန်သူများအားလည်းဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်လျက်ရှိကြောင်း၊ ယနေ့အခမ်းအနားတွင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ဖြစ်သည့် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၂၂ ဦးအား ချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် လူမှုရေး၊ စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာ၊ အားကစားကဏ္ဍများအပြင် တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် နယ်ပယ်အစုံမှ တိုင်းပြည်အကျိုး အားသွန်ခွန်စိုက် သယ်ပိုးနေသူများအား ထိုက်သင့်သည့် ဂုဏ်ပြုမှုများ ပြုလုပ်ပေးလျက် ရှိကြောင်းကို ပြောကြားလိုကြောင်း။

ယနေ့ မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်နေသည့် အခြေအနေများအရ တပ်မတော်အနေဖြင့် ယခင်ကထက် လုပ်ငန်းတာဝန်များကို နေ့၊ ညမနားဘဲ ဆတက်ထမ်းပိုးဆောင်ရွက်နေကြရကြောင်း၊ နိုင်ငံတော် ကာကွယ်ရေးတာဝန်များအပြင် လေ့ကျင့်ရေးတာဝန်များ၊ ပြည်သူ့ အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နေရသကဲ့သို့ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အကောင်အထည် ဖော်ရာတွင်လည်း တစ်တပ်တစ်အား ပါဝင်ထမ်းဆောင်လျက် ရှိကြောင်း၊ ပြည်သူများ၏ဘဝ လုံခြုံအေးချမ်းရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးမှ တိုင်းပြည်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းဖွံ့ဖြိုးစေရန် တပ်မတော်က ကြိုးစားဆောင်ရွက်ပေးနေခြင်းများသည် တပ်မတော်၏ စစ်မှန်သည့် သဘောထားနှင့် ရပ်တည်ချက်များ ဖြစ်သည်ကို ပြောကြားလိုကြောင်း။

ယနေ့အချိန်တွင် အားလုံးသိထားပြီးဖြစ်သည့်အတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်စေရန် စီမံဆောင်ရွက်လျက်ရှိခြင်းကြောင့် လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ တိုင်းပြည်၏ စစ်မှန်သည့်အင်အားသည် တိုင်းပြည်တွင်းမှာပင်ရှိခြင်းကြောင့် အဆိုပါအင်အားထုကို အကျိုးမဲ့မဖြစ်စေဘဲ နိုင်ငံသားတိုင်းသည် နိုင်ငံတော်၏ ကောင်းရာကောင်းကျိုး ဝိုင်းဝန်းသယ်ပိုးမှသာ လျှောက်လှမ်းလိုသည့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ ရောက်ရှိမည်ဆိုသည်ကို အားလုံးသတိပြုမိကြရန် လိုအပ်ကြောင်း။

တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံသည် တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခများ ကင်းဝေးခြင်းပင်ဖြစ်ကြောင်း၊ သို့မှသာ အခြေခံလမ်း၊ တံတား အဆောက်အအုံများပိုမို တည်ဆောက်ပေးနိုင်ခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်မှု ကောင်းမွန်စေခြင်း၊ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍစုံကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်းအပြင် အခြားနိုင်ငံများနှင့်လည်း ယုံကြည်စိတ်ချစွာ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း။

ထိုသို့မဟုတ်ဘဲ ကျဉ်းမြောင်းသည့် လူမျိုးရေးအမြင်ဖြင့် ကိုယ်ကျိုးအတ္တကို ရှေ့တန်းတင်ပြီး အယူဝါဒအရေး၊ လူမျိုးစုအရေးဆိုသည့် ခေါင်းစဉ်များတပ်ကာ အဖျက်လုပ်ရပ်များ လုပ်ဆောင်နေသမျှ လူများစုဖြစ်သည့် ဒေသခံပြည်သူများ၏ ဘဝများသာ ထိခိုက်နစ်နာရမည်ဖြစ်ကြောင်း၊ ထိုသို့ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရန် လိုအပ်သည့်ကာကွယ်မှုများပေးရမည်မှာ မိမိတို့တပ်မတော်နှင့် လုံခြုံရေးဆိုင်ရာအဖွဲ့ဝင်များ၏ တာဝန်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အားသာချက်ဖြစ်သည့် တည်နေရာ ပထဝီအနေအထားကောင်းမွန်ခြင်း၊ မြေပေါ်မြေအောက် သဘာဝသယံဇာတပေါများခြင်း၊ မြေဆီလွှာများကောင်းမွန်ခြင်းတို့သည် နိုင်ငံအပေါ် အမြတ်ထုတ်လိုသူများအတွက် အခွင့်ကောင်းများပင်ဖြစ်ကြောင်း၊ အဆိုပါအခွင့်ကောင်းများကို ကိုယ်ကျိုးအတ္တအတွက် ပုံစံအမျိုးမျိုးဖြင့် ရယူသိမ်းပိုက်လိုသည့် ပြည်တွင်း/ ပြည်ပအဖျက်သမားများ၏ ရန်စွယ်မှန်သမျှမှ ကာကွယ်ထိန်းသိမ်းရင်း အသက်နှင့်ခန္ဓာ စွန့်လွှတ်ခဲ့ရသည့် တပ်မတော်သားများ၊ မိသားစုဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အစဉ်အောက်မေ့သတိရနေမည်ဖြစ်သည်ကို ထည့်သွင်းပြောကြားလိုကြောင်း။

ယခုအခမ်းအနားမှ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ဖြစ်သည့် သူရဲကောင်း မှတ်တမ်းဝင်တံဆိပ်ချီးမြှင့်ခံရသူများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် တိုင်းပြည်နှင့်လူမျိုးအတွက် အခက်အခဲမှန်သမျှကို

စာမျက်နှာ ၁၂ သို့ ✣





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူများအား ဆုတံဆိပ်များပေးအပ်ချီးမြှင့်စဉ်။

✣ စာမျက်နှာ ၁၁ မှ

အမှုမထားဘဲ အသက်ခန္ဓာ စွန့်လွှတ်ရဲသော ကြံ့ခိုင်သည့် စိတ်ဓာတ်၊ ပြောင်မြောက်သည့် သူရသတ္တိများဖြင့် ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်ခဲ့ကြသည့် ပြည်သူ့သားကောင်း ဇာနည်များဖြစ်ကြောင်း၊ မိမိတို့ ထမ်းဆောင်ရသည့် တာဝန်များကို ခိုင်မာသည့် သန္နိဋ္ဌာန်စိတ်ဓာတ်၊ သူရဲကောင်းစိတ်ဓာတ်ပြည့်ဝစွာ တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်သဖြင့် အစဉ်အမြဲအမှတ်ရနေမည် ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊ ယခုကဲ့သို့ ပြည်သူ့သားကောင်း ဇာနည်များ၏ ကောင်းမွန်မြင့်မြတ်သည့် ယုံကြည်ချက် ခံယူချက်ကောင်းများဖြင့် သူရဲကောင်းပီသစွာ ရဲဝံ့စွန့်စားမှုများကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်း အမွေပေးနိုင်ရေး ဆက်လက်ကြိုးပမ်းသွားကြပါဟု တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်က သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိသူ ဗိုလ်ချုပ် တစ်ဦး၊ ဗိုလ်မှူးကြီးသုံးဦး၊ ရဲမှူးချုပ် တစ်ဦး၊ ဒုတိယဗိုလ်မှူးကြီး နှစ်ဦး၊ ဗိုလ်မှူး သုံးဦး၊ ဗိုလ်မှူး/ဗိုလ်ကြီး နှစ်ဦး၊ ဗိုလ်ကြီး သုံးဦး၊ တပ်ခွဲတပ်ကြပ်ကြီး တစ်ဦး၊ တပ်ကြပ်ကြီး နှစ်ဦး၊ တပ်ကြပ် နှစ်ဦး၊ ဒုတိယတပ်ကြပ် နှစ်ဦးတို့အား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူအား ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ စုပေါင်းမှတ်တမ်း တင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့် ခံရသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီ တေးဂီတအဖွဲ့က တေးသီချင်း၊ အက၊ အလှများဖြင့် ဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရ သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များအား ဂါရဝပြုချီးမြှင့်ငွေနှင့် အားဖြည့်ဇွက်သိုက်များ ပေးအပ်စဉ်။

❍ ကျောဖုံးမှ

ကျန်းမာရေးအခြေအနေများအား တစ်ဦးချင်း မေးမြန်းအားပေးစကားပြောကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ တစ်ဦးချင်း ဂါရဝပြုချီးမြှင့်ငွေနှင့် အားဖြည့် ဇွက်သိုက်များကို ကိုယ်တိုင်ကိုယ်ကျပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် ဇနီးတို့သည် လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များနှင့် အတူ လက်ဖက်ရည်နှင့် စားသောက်ဖွယ်ရာများကို အတူတကွသုံးဆောင်ခဲ့ကြသည်။

၂၀၂၅ ခုနှစ် နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိနေသည့် လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များဖြစ်ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင် တတိယအဆင့် ဦးအေးသိန်းသည် အသက် ၉၇ နှစ်၊ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့် ဦးဘချောသည် ၉၇ နှစ်နှင့် လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့် ဦးကျော်စိန်သည် အသက် ၁၀၀ နှစ်များ ဖြစ်ကြပြီး ကျန်းမာသန်စွမ်းလျက်ရှိကြောင်းနှင့် ဂျပန်ခေတ်တော်လှန်ရေးများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့မှုများကို ပြန်လည်ပြောပြရင်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ကိန်းအောင်းလျက်ရှိကြကြောင်း သိရသည်။

သတင်းစဉ်

## ထိုင်းနိုင်ငံသားလေးဦးနှင့် ဖိလစ်ပိုင်နိုင်ငံသားသုံးဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၂၇ / ၂၀၂၅

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

( ၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက် )

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အောက်ဖော်ပြပါ ကော့သောင်းအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေသည့် ထိုင်းနိုင်ငံသား (၄) ဦးနှင့် ဘားအံအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေသည့် ဖိလစ်ပိုင်နိုင်ငံသား (၃) ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံ ကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) ကသမ/၂၄/၀၀၄၁၆/က | Virot Saphanthong Na Nakhon | ထိုင်းနိုင်ငံသား၊ |
| (၂) ကသမ/၂၄/၀၀၄၁၇/က | Sunan Mongkutton | ထိုင်းနိုင်ငံသား၊ |
| (၃) ကသမ/၂၄/၀၀၄၁၈/က | Sonpong | ထိုင်းနိုင်ငံသား၊ |
| (၄) ကသမ/၂၄/၀၀၄၁၉/က | Thavorn | ထိုင်းနိုင်ငံသား၊ |
| (၅) ဖအ / ၂၅ /၀၀၁၀၄/က | Mr. Jayson Corprz Jaramilla | ဖိလစ်ပိုင်နိုင်ငံသား၊ |
| (၆) ဖအ / ၂၅ /၀၀၁၁၁/က | Mrs. Sun Shine Rivera | ဖိလစ်ပိုင်နိုင်ငံသား၊ |
| (၇) ဖအ / ၂၅ /၀၀၁၁၂/က | Mrs. Magdalena Vicente | ဖိလစ်ပိုင်နိုင်ငံသား။ |

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပန်းချီဆရာ ခုနစ်ဦး၏ စုပေါင်းလက်ရာ 'နွေပြုံတင်း' အမည်ဖြင့် ပန်းချီပြပွဲပြုလုပ်မည်


**မန္တလေး မတ် ၂၇**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၅၇လမ်း၊ ၁၀၃လမ်းနှင့် ၁၀၄လမ်းကြားရှိ COLL - ECTOR'S SOULART GALLERY အနုပညာပြခန်း၌ မတ် ၂၉ ရက် နံနက် ၉ နာရီတွင် ပန်းချီဆရာ ခုနစ်ဦး၏ စုပေါင်းလက်ရာ'နွေပြုံတင်း' အမည်ဖြင့် ပန်းချီပြပွဲကို ဖွင့်လှစ်ပြသသွားမည် ဖြစ်သည်။

'နွေပြုံတင်း'ပန်းချီပြပွဲတွင် ပန်းချီဆရာ ခုနစ်ဦးဖြစ်သော အောင်သန်းညို၊ ကျော်မင်းဝင်း၊ လူမော်၊ မောင်မိုး၊ မျိုးမြတ်မင်း၊ စိုးမြင့်ဦး၊ ဇော်မင်းမြတ်တို့ ရေးဆွဲထားသော ပန်းချီကားလက်ရာစုံကို ပြသသွားမည်ဖြစ်ပြီး ပန်းချီပြပွဲအား မတ် ၂၉ ရက်မှ ၃၁ ရက်အထိ သုံးရက်တိုင်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်၍ ပန်းချီချစ်မြတ်နိုးသူများ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

(အောက်ပုံ)(၀၇၀)

Myo Myat Min
Watercolour on Paper
15x21 inches









# မဟာသုန္ဒရာရာမ ပရိယတ္တိစာသင်တိုက်တွင် ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲဖြေဆိုနေမှုများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ကြည့်ရှု

**မန္တလေး မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကျင်းပနေသည့် ပြည်ကြီးတံခွန်မြို့နယ်ရှိ (ပဂ)စာဖြေဌာန၊ မဟာသုန္ဒရာရာမပရိယတ္တိစာသင်တိုက်သို့ ယနေ့မွန်းလွဲပိုင်းက သွားရောက်ကာ အစိုးရဓမ္မာစရိယစာဖြေဌာန ကြီးကြပ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ကြီးကြပ်ရေးအဖွဲ့ ဆရာတော်များအား ဖူးမြော်၍ စာဖြေသံဃာတော်နှင့် သီလရှင်များ စာဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုကြည့်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မဟာသုန္ဒရာရာမပရိယတ္တိစာသင်တိုက်သို့ရောက်ရှိပြီး နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇဓမ္မာစရိယ (ဓေယျာလူမှုထူးချွန်ပထမဆင့်) ဘဒ္ဒန္တအာစရအား ဖူးမြော်၍ ဩဝါဒများခံယူကာ နဝကမ္မဝတ္ထုငွေများ လှူဒါန်းပြီးနောက် စာမေးပွဲကြီးကြပ်ရေး ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ကြီးကြပ်ရေးအဖွဲ့ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အစိုးရဓမ္မာစရိယစာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ကြီးကြပ်ရေးအဖွဲ့ ဆရာတော်များအား ဖူးမြော်၍ ဩဝါဒများခံယူပြီး စာဖြေခန်းများတွင် စာဖြေ သံဃာတော်များ၊ သီလရှင်များ အေးချမ်းစွာဖြင့် စာဖြေဆိုနေမှုကို လိုက်လံကြည့်ရှု ကြည်ညိုကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး သာသနာရေးဦးစီးမှူးနှင့်



တာဝန်ရှိသူများအား စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဆရာတော်ကြီးများ၊ စာဖြေသံဃာတော်များနှင့် သီလရှင် များ စိတ်ချမ်းမြေ့စေရေး အလေးထား ဆောင်ရွက်သွားကြရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၊ တပ်မတော်နေ့အထိမ်းအမှတ် စစ်ရေးပြတပ်ခွဲဆု၊ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ လက်နက်ငယ်ကျွမ်းကျင်ပြိုင်ပွဲဆုများ ချီးမြှင့်ခြင်းနှင့် စစ်သည်များ အဆင့်တိုးမြှင့်ပေးခြင်းအခမ်းအနား ကျင်းပ







**မန္တလေး မတ် ၂၇**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ နန်းမြို့အတွင်းရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားသော ဧည့်သည်တော်များနှင့် ချီတက်လာမည့် စစ်ရေးပြတပ်ခွဲများအား အောင်သပြေခက်ဖြင့် အန္တရာယ်ကင်း ပရိတ်ရေများ ဖျန်းပက်ချီးမြှင့်ပေးတော်မူကြမည့် ဆရာတော်၊ သံဃာတော်များ၊ ဂုဏ်ပြုပန်းကုံးစွပ်၍ ချီးမြှင့်ပေးကြမည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၇၀၀၀ ကျော်ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြတပ်ခွဲများသည် စုရပ်နေရာမှ နန်းမြို့ကျောက်တိုင်စစ်ရေးပြကွင်းသို့ ချီတက်ကြရာ နန်းမြို့ရိုး၏ အရှေ့ဘက်နှင့် တောင်ဘက်ရှိ ရတနာပုံ ဥယျာဉ် လမ်းတစ်လျှောက် ဆရာတော်၊ သံဃာတော်များက အောင်သပြေခက်ဖြင့် အန္တရာယ်ကင်း ပရိတ်ရေများ ဖျန်းပက်ချီးမြှင့်တော်မူကြခြင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက နိုင်ငံတော်အလံ၊ တပ်မတော်အလံများ ဝှေ့ယမ်း၍ သောင်းသောင်းဖြဖြကြိုဆိုကာ ဂုဏ်ပြုပန်းကုံးစွပ်ခြင်းများကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ နန်းမြို့ကျောက်တိုင် စစ်ရေးပြကွင်း၌ အခမ်းအနားတက်ရောက်လာသူများနှင့်အတူ နိုင်ငံတော်အလံအလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် တိုင်းမှူးက တပ်မတော်နေ့မိန့်ခွန်း ပြောကြားခြင်းတို့ကို စစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့သည်။

၎င်းနောက် နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စစ်ရေးပြတပ်ခွဲဆု၊ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ လက်နက်ငယ်ကျွမ်းကျင်ပြိုင်ပွဲဆုများ ချီးမြှင့်ခြင်း၊ စစ်သည်များ အဆင့်တိုးမြှင့်ပေးခြင်းအခမ်းအနားကို နန်းမြို့အတွင်းရှိ ရန်အောင်မြင်ခန်းမတွင် ဆက်လက်ကျင်းပရာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စစ်ရေးပြတပ်ခွဲဆု၊ စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ လက်နက်ငယ်ကျွမ်းကျင်ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် အဆင့်တိုးရရှိသည့် စစ်သည်များအား ဆုများပေးအပ်ခြင်း၊ အဆင့်တိုးမြှင့်တပ်ဆင်ပေးခြင်းများ အသီးသီးဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









# နှစ် (၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား မှတ်တမ်းဓာတ်ပုံများ





















ဓာတ်ပုံ – မန္တလေးနေ့စဉ်

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ညောင်ခြေထောက်နှင့် ကျွဲပွဲဘူတာအကြား အဆန်ရထားလမ်းပေါ်၌ အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် လုံခြုံရေးကင်းလှည့် RGC ရထားကို လက်နက်ငယ်ဖြင့် ပစ်ခတ်မှုဖြစ်ပွား

နေပြည်တော် မတ် ၂၇

ယနေ့ ဖြူး- တောင်ငူလမ်းပိုင်း လုံခြုံရေးစစ်ဆေးသည့် RGC-125 သည် ညောင်ခြေထောက်ဘူတာမှ နံနက် ၇ နာရီ ၃၆ မိနစ် ထွက်ခွာလာပြီး ညောင်ခြေထောက်နှင့် ကျွဲပွဲဘူတာအကြား မိုင်တိုင် ၁၄၄/၁၀-၁၁ ခန့်အရောက် နံနက် ၇ နာရီ မိနစ် ၅၀ တွင် သံလမ်းအနောက်ဘက် ရန်ကုန်-မန္တလေး ကားလမ်းဘက်မှ လက်နက်ငယ်ဖြင့်ပစ်ခတ်သဖြင့် RGC-125 စက်ခေါင်း၏ အနောက်ဘက်မှန်တစ်ချပ်ကွဲပြီး အနောက်ဘက်သံပေါင်တွင် ကျည်ထိမှန်ခဲ့ကြောင်းနှင့် အဆိုပါပစ်ခတ်မှုကြောင့် စက်ခေါင်းမောင်းနှင့် လုံခြုံရေးတပ်ဖွဲ့များ ထိခိုက်မှုမရှိကြောင်း သိရသည်။

ထို့အတူ ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ညောင်ခြေထောက်ဘူတာနှင့် ကျွဲပွဲဘူတာအကြား မိုင်တိုင်အမှတ် ၁၄၄/၁၀-၁၁ နေရာရှိ အဆန်ရထားလမ်းပေါ်တွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် အဆန်ရထားလမ်း ထိခိုက်ပျက်စီးခဲ့ကြောင်းသတင်းအရ ညောင်ခြေထောက်ဘူတာနှင့် ကျွဲပွဲရထားလမ်းပိုင်းကို ဧကလမ်းစနစ်အသုံးပြု၍ အစုန်လမ်းမှ နံနက် ၉ နာရီ ၁၈ မိနစ်တွင် ရထားများကို ဖြတ်သန်းခွင့်ပြုထားကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ မိုင်းခွဲခံရမှုကြောင့် အဆန်လမ်းရှိ အနောက်ဘက်သံလမ်း ၁၀ ပေခန့် တွန့်ခေါက်သွားပြီး လမ်းခင်းကျောက်နှင့် ကွန်ကရစ်ဇလီဖားတုံးအချို့ပျက်စီးခဲ့သည်။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ညောင်ခြေထောက်နှင့် ကျွဲပွဲဘူတာအကြား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က လုံခြုံရေးကင်းလှည့် RGC ရထားကို လက်နက်ငယ်ဖြင့်ပစ်ခတ်မှုကြောင့် အနောက်ဘက်မှန်ကွဲထိခိုက်မှုအခြေအနေမှတ်တမ်းဓာတ်ပုံ။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ညောင်ခြေထောက်နှင့် ကျွဲပွဲဘူတာအကြား အဆန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးမှုအခြေအနေမှတ်တမ်းဓာတ်ပုံ။

## ပြန်လည်ဖွင့်လှစ်

မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပိုင်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေးဆောင်ရွက်ခဲ့ပြီး အဆန်လမ်း၏ သံလမ်းကို လဲလှယ်ခြင်း၊ လမ်းပြုပြင်ခြင်းများကို ညနေ ၆ နာရီ အပြီးဆောင်ရွက်နိုင်ခဲ့ပြီး အဆန်ရထားလမ်းပိုင်းကို ပြန်လည်ဖွင့်လှစ်၍ ရထားများ ပုံမှန်အတိုင်းပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း အကြိမ် ၈၀၊ ရထားတံတား/သံလမ်းများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း ၁၇၅ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ် ကျူးလွန်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများ ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်၊ စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



အဆန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးမှုကို ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

သတင်းစဉ်

# နိုင်ငံတော်က အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၆၅ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

နေပြည်တော် မတ် ၂၇

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၆၅ ဦးကို မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။



အွန်လိုင်းလိမ်လည်မှု(Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၆၅ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင်လွှဲပြောင်းပေးအပ်စဉ်။

ဦးစွာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ ပြည်ပနိုင်ငံသားများ၏ ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ စနစ်တကျဖြစ်စေရေး၊ စာရင်းဇယားအချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးနှင့် ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး စသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၆၇၀ ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၁၆၃ ဦးကိုထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၅၀၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

အဆိုပါ ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၈၆၇၀ တို့သည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန္ဓာ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊ တောင်အာဖရိက၊ တူနီးရှား၊ အယ်လ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်း၊ ဥဇဘက်ကစ္စတန်၊ နိုင်ဂျီးရီးယား၊ ကာဂျစ္စတန်၊ နမီးဘီးယား၊ မာဒါဂတ်စကား၊ ရိုမေးနီးယား၊ ရုရှား၊ ဖိလစ်ပိုင်နှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သိရသည်။

သတင်းစဉ်

# အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ကောက်ခံလျက်ရှိသော ခွင့်ပြုမိန့်ဆိုင်ရာနှုန်းထားများဖြစ်သည့် ကွင်းဆင်းနှင့် ပုံစံစစ်ဆေးခနှုန်းထားများ၊ ဒဏ်ကြေးနှုန်းထားများ၊ အဆောက်အအုံဖျက်မိန့်နှင့် အုတ်တံတိုင်းကာရံခြင်းနှုန်းထားများ၊ ပစ္စည်းစုပုံခွန်နှုန်းထားများ၊ ကြော်ငြာဆိုင်းဘုတ်အခွန်နှုန်းထားများနှင့် အထွေထွေကိစ္စရပ်များ၏နှုန်းထားများကို ခေတ်နှင့်လျော်ညီသည့် နှုန်းထားများဖြစ်စေရေးအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှစတင်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံဆိုင်ရာနည်းဥပဒေနှင့်အညီ ပြင်ဆင်သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပြီး အဆောက်အအုံနှင့်ကုန်ရုံဌာနမှ လက်ရှိကောက်ခံလျက်ရှိသည့်နှုန်းထားများကို အောက်ဖော်ပြပါနှုန်းထားများဖြင့် လွှမ်းမိုးပယ်ဖျက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | အကြောင်းအရာ | အတိုင်းအတာ/ကာလ | ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်ကောက်ခံမည့်နှုန်းထားများ |
|---|---|---|---|
| ၁။ | **စုပုံခွန်ကောက်ခံနှုန်းထား** | | |
| | -RC/SS အဆောက်အအုံ | ၁ စ/ပေ | ၄ဝိ/- |
| | -နံကပ်အဆောက်အအုံ | ၁ စ/ပေ | ၂ဝိ/- |
| ၂။ | **အဆောက်အအုံဆောက်မိန့်ဆိုင်ရာကွင်းဆင်းနှင့် ပုံစံစစ်ဆေးခနှုန်းထားများ** | | |
| | (က) (RC/SS)**အဆောက်အအုံ(အထပ်နိမ့် ဆောက်/အုံ)** | | |
| | -မြေအောက်ထပ်(Basement) | ၁ စ/ပေ | ၆ဝိ/- |
| | -မြေညီထပ် | ၁ စ/ပေ | ၆ဝိ/- |
| | -ပထမထပ် | ၁ စ/ပေ | ၆ဝိ/- |
| | -ဒုတိယထပ် | ၁ စ/ပေ | ၇ဝိ/- |
| | -တတိယထပ် | ၁ စ/ပေ | ၈ဝိ/- |
| | (ခ) (RC/SS)**အဆောက်အအုံ(အထပ်မြင့် ဆောက်/အုံ)** | | |
| | -မြေအောက်ထပ်(Basement) | ၁ စ/ပေ | ၈ဝိ/- |
| | -မြေညီထပ် | ၁ စ/ပေ | ၈ဝိ/- |
| | -ပထမထပ် | ၁ စ/ပေ | ၈ဝိ/- |
| | -ဒုတိယထပ် | ၁ စ/ပေ | ၈ဝိ/- |
| | -တတိယထပ်နှင့်အထက် | ၁ စ/ပေ | ၈ဝိ/- |
| | (ဂ) **နံကပ်အဆောက်အအုံ** | | |
| | -မြေညီထပ် | ၁ စ/ပေ | ၅ဝိ/- |
| | -ပထမထပ် | ၁ စ/ပေ | ၅ဝိ/- |
| | -ဒုတိယထပ် | ၁ စ/ပေ | ၅ဝိ/- |
| | (ဃ) **ပျဉ်ထောင်(သွပ်မိုး/ပျဉ်ကာ)** | | |
| | -မြေညီထပ် | ၁ စ/ပေ | ၂ဝိ/- |
| | -ပထမထပ် | ၁ စ/ပေ | ၂ဝိ/- |
| | (င) **စီးပွားရေးအဆောက်အအုံ(စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံများ)** | | |
| | -မြေညီထပ်မှ ပထမထပ်ထိ | ၁ စ/ပေ | ၁၀ဝိ/- |
| | **-ဒုတိယထပ်နှင့်အထက်ကို ၁ထပ် တိုးတိုင်း ၁ စ/ပေ လျှင် ၁ဝိ/နှုန်း တိုးမြှင့်ကောက်ရန်** | | |
| | **-ပူဆယ်ကွင်း(စီးပွားရေးအဆောက်အအုံတွင် အကျုံးဝင်ပါသည်။)** | | |
| | (စ) **မိလ္လာကွင်းဆင်းစစ်ဆေးခ** | | ၁၀၀၀ဝိ/- |
| | (ဆ) **ခြံစည်းရိုးကာရံခြင်း** | | |
| | -RC/သံပန်း | အလျား ၁ ပေ | ၁၆ဝိ/- |
| | -အုတ်/သံပန်း | အလျား ၁ ပေ | ၁၆ဝိ/- |
| | -အုတ် | အလျား ၁ ပေ | ၁၆ဝိ/- |
| | (ဇ) **အဆောက်အအုံဖျက်ခွင့်** | | |
| | -RC/SS အဆောက်အအုံ | ၁ စ/ပေ | ၄ဝိ/- |
| | -နံကပ်အဆောက်အအုံ | ၁ စ/ပေ | ၄ဝိ/- |
| | -ကျန်အဆောက်အအုံ | ၁ စ/ပေ | ၄ဝိ/- |
| | (ဈ) **အထွေထွေလျှောက်လွှာခများ** | ၁ စောင် | ၁၀၀ဝိ/- |
| | (ည) **မိလ္လာလျှောက်လွှာခ** | ၁ စောင် | ၂၀ဝိ/- |
| | (ဋ) **မူလအဆောက်အအုံကို ပြန်လည်ပြုပြင်ခြင်း** | | |
| | -RC/SS အဆောက်အအုံ | ၁ စ/ပေ | ၄ဝိ/- |
| | -နံကပ်အဆောက်အအုံ | ၁ စ/ပေ | ၃ဝိ/- |
| | -ကျန်အဆောက်အအုံ | ၁ စ/ပေ | ၂ဝိ/- |
| ၃။ | **ဒဏ်ကြေးဆိုင်ရာကောက်ခံသည့်နှုန်းထားများ** | | |
| | (က) **ခြံစည်းရိုး ခွင့်ပြုမှဲ့/ကြိုတင် ဆောက်ဒဏ်ကြေး** | | |
| | -ခြံစည်းရိုးအမျိုးအစားအားလုံး | အလျား ၁ ပေ | ၁၀၀ဝိ/- |
| | (ခ) **အဆောက်အအုံခွင့်ပြုမှဲ့ ပြင်ဆင်ဒဏ်ကြေး** | | |
| | -RC/SS အဆောက်အအုံ | ၁ စ/ပေ | ၄၀ဝိ/- |
| | -နံကပ် အဆောက်အအုံ | ၁ စ/ပေ | ၃၀ဝိ/- |
| | -ကျန်အဆောက်အအုံ | ၁ စ/ပေ | ၂၀ဝိ/- |
| | (ဂ) **အဆောက်အအုံခွင့်ပြုမှဲ့ဖျက် ဒဏ်ကြေး** | | |
| | -RC/SS အဆောက်အအုံ | ၁ စ/ပေ | ၄၀ဝိ/- |
| | -နံကပ် အဆောက်အအုံ | ၁ စ/ပေ | ၃၀ဝိ/- |
| | -ကျန်အဆောက်အအုံ | ၁ စ/ပေ | ၂၀ဝိ/- |
| | (ဃ) **အမြင့်ပေပို ဒဏ်ကြေး** | | |
| | -မိသားစုနေအိမ် | အမြင့် ၁ ပေ | ၁၂၀၀၀ဝိ/- |
| | -စီးပွားရေးအဆောက်အအုံ | အမြင့် ၁ ပေ | ၂၄၀၀၀ဝိ/- |
| | (င) **ဆောက်လုပ်ရေးပစ္စည်း စုပုံခွန်ဒဏ်ကြေး** | | |
| | -ခွင့်ပြုမှဲ့အဆောက်အအုံပစ္စည်းစုပုံခွန် | ၁ နှစ် | ၆၀၀၀ဝိ/- |
| | -ကတ္တရာလမ်းပေါ် အဆောက်အအုံ ပစ္စည်းစုပုံခြင်း/ကွန်ကရစ်ဖျော်ခြင်း | | ၆၀၀၀ဝိ/-(ပထမအကြိမ်) ၁၀၀၀၀ဝိ/-(ဒုတိယအကြိမ်) ၂၀၀၀၀ဝိ/-နှင့် တရားစွဲခြင်း (တတိယအကြိမ်) |
| ၄။ | **လိုင်စင်ခ(ပြက္ခဒိန်နှစ်အလိုက်ကောက်ခံခြင်းဖြစ်ပါသည်။)** | | |
| | -အင်ဂျင်နီယာလိုင်စင်လျှောက်လွှာ | ၁ စောင် | ၁၀၀ဝိ/- |
| | -ကန်ထရိုက်လိုင်စင် | နှစ်စဉ်ကြေး | ၆၀၀၀၀ဝိ/- |
| | -နောက်ကျဒဏ်ကြေး | နှစ်စဉ်ကြေး | ၂၀၀၀၀ဝိ/- |

| | | | |
|---|---|---|---|
| ၅။ | **လူနေထိုင်ခွင့် (BCC) အမည်ပြောင်းခ** | | ၆၀၀၀ဝိ/- |
| ၆။ | **မိတ္တူမှန်ကူးယူခ** | | |
| | -ခွင့်ပြုမိန့် | ၁ ရွက် | ၂၀၀ဝိ/- |
| | -ခွင့်ပြုပုံစံ | ၁ ရွက် | ၁၀၀ဝိ/- |
| ၇။ | **စစ်ဆေးချက် နေ့စဉ်မှတ်တမ်းစာအုပ် (Log Book)ပျောက်ဆုံးဒဏ်ကြေး** | | |
| | -အထပ်နိမ့် | | ၁၀၀၀၀ဝိ/- |
| | -အထပ်မြင့် | | ၃၀၀၀၀ဝိ/- |
| ၈။ | **တိုက်ခန်းပိုင်ဆိုင်မှု အမည်ပြောင်းခ** | | ၄၀၀၀ဝိ/- |
| ၉။ | **လျှောက်လွှာ/အမည်ပြောင်းလျှောက်လွှာ(ပုံစံ)** | | ၁၀၀ဝိ/- |
| ၁၀။ | **တိုက်ခန်းစာအုပ်ဖိုး** | | ၂၀၀၀ဝိ/- |
| ၁၁။ | **ဆိုင်းဘုတ်ကြော်ငြာကောက်ခံသည့်နှုန်းထားများ** | | |
| | -MCDC ပိုင်လမ်း/မြေပေါ်တွင် စိုက်ထူသောဆိုင်းဘုတ်များ(တိုင်ထောင်) | ၁စ/ပေ၊၁နှစ် | ၁၅၀၀ဝိ/- |
| | -မိမိအဆောက်အအုံနံရံတွင် တပ်ဆင် ကြော်ငြာသော ဆိုင်းဘုတ်များ(နံရံကပ်) | ၁စ/ပေ၊၁နှစ် | ၇၅၀ဝိ/- |
| | -LED/Trivision ဆိုင်းဘုတ်များ (တိုင်ထောင်/နံရံကပ်) | ၁စ/ပေ၊၁နှစ် | ၁၅၀၀ဝိ/- |
| | **(က)နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (၁၀၀%)ပါဝင်သော ဆိုင်းဘုတ်များ** | | |
| | -တိုင်ထောင် | ၁စ/ပေ၊၁နှစ် | ၄၅၀၀ဝိ/- |
| | -နံရံကပ် | ၁စ/ပေ၊၁နှစ် | ၃၅၀၀ဝိ/- |
| | **(ခ)တိုင်းရင်းသား၊နိုင်ငံခြားဖက်စပ်ဆောင်ရွက်သည့်လုပ်ငန်း ဆိုင်းဘုတ်များ** | | |
| | -တိုင်ထောင် | ကြော်ငြာဧရိယာတစ်ဝက် | ၄၅၀၀ဝိ/- |
| | | ဧရိယာတစ်ဝက်အား ၁စ/ပေ၊၁နှစ် | ၁၅၀၀ဝိ/- |
| | -နံရံကပ် | ကြော်ငြာဧရိယာတစ်ဝက် | ၃၅၀၀ဝိ/- |
| | | ဧရိယာတစ်ဝက်အား ၁စ/ပေ၊၁နှစ် | ၇၅၀ဝိ/- |
| | **(ဂ) ပြည်တွင်းလုပ်ငန်းရှင်များက နိုင်ငံခြားအမှတ်တံဆိပ်ဖြင့် ကြော်ငြာသော ဆိုင်းဘုတ်များ** | | |
| | -တိုင်ထောင် | ကြော်ငြာဧရိယာတစ်ဝက် | ၄၅၀၀ဝိ/- |
| | | ဧရိယာတစ်ဝက်အား ၁စ/ပေ၊၁နှစ် | ၁၅၀၀ဝိ/- |
| | -နံရံကပ် | ကြော်ငြာဧရိယာတစ်ဝက် | ၃၅၀၀ဝိ/- |
| | | ဧရိယာတစ်ဝက်အား ၁စ/ပေ၊၁နှစ် | ၇၅၀ဝိ/- |
| | **(ဃ)နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၀၀%ပါဝင်သော ဟိုတယ်များ** | | |
| | -တိုင်ထောင် | ၁စ/ပေ၊၁နှစ် | ၄၅၀၀ဝိ/- |
| | -နံရံကပ် | ၁စ/ပေ၊၁နှစ် | ၃၅၀၀ဝိ/- |
| | **(င) တိုင်းရင်းသား၊နိုင်ငံခြားဖက်စပ်ဆောင်ရွက်သော ဟိုတယ်များ** | | |
| | -တိုင်ထောင် | ကြော်ငြာဧရိယာတစ်ဝက် | ၄၅၀၀ဝိ/- |
| | | ဧရိယာတစ်ဝက်အား ၁စ/ပေ၊၁နှစ် | ၁၅၀၀ဝိ/- |
| | -နံရံကပ် | ကြော်ငြာဧရိယာတစ်ဝက် | ၃၅၀၀ဝိ/- |
| | | ဧရိယာတစ်ဝက်အား ၁စ/ပေ၊၁နှစ် | ၇၅၀ဝိ/- |
| | **(စ) မော်တော်ကားတွင် တပ်ဆင်သော ကြော်ငြာ** | | |
| | -ကားကြီး(၃)တန်နှင့်အထက် | ၁စီး၊ ၁နှစ် | ၇၅၀၀ဝိ/- |
| | -ကားသေး(၃)တန်အောက် | ၁စီး၊ ၁နှစ် | ၅၄၀၀ဝိ/- |
| | **(ဆ) ယာယီကြော်ငြာ** | | |
| | -ယာယီတိုင်ထောင် | (၉'×၂၀')၁ခုနှုန်း ရက်သတ္တပတ်(၂)ပတ် | ၁၃၅၀၀ဝိ/- |
| | -ယာယီလမ်းဖြတ် | (၂၅'×၃')၁ခုနှုန်း ရက်သတ္တပတ်(၂)ပတ် | ၁၂၀၀၀ဝိ/- |
| | -ယာယီဆိုင်းဘုတ် | (၄'×၂')၁ခုနှုန်း ရက်သတ္တပတ်(၁)ပတ် | ၁၅၀၀ဝိ/- |
| | -လမ်းညွှန်ဆိုင်းဘုတ်ဆိုဒ်စုံ | ၁စ/ပေ၊၁နှစ် | ၂၀၀၀ဝိ/- |
| | **(ဇ) စီးပွားရေးကြော်ငြာဆိုင်းဘုတ် Vinyl ဒီဇိုင်း ပြောင်းလဲခ** | | |
| | -၁ကြိမ်ပြောင်းလဲတပ်ဆင်ခ | ၁စ/ပေ | ၂၀ဝိ/- |
| ၁၂။ | **ကြော်ငြာဒဏ်ကြေး** | | |
| | -ခွင့်ပြုမှဲ့ကြော်ငြာ | ၁ခု | ၁နှစ်စာ ၁စ/ပေ နှုန်းထား၏ ၃ဆ |
| | -သစ်ပင်၊ဓာတ်တိုင်၊ခြံစည်းရိုးများတွင် ခွင့်ပြုချက်မဲ့စတစ်ကာကြော်ငြာများ တပ်ဆင်ခြင်း | ၁ခု | ၄၀၀ဝိ/- |

အဆောက်အအုံနှင့်ကုန်ရုံဌာန

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတစ်ခုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင်နေထိုင်ကြသူများက ဆောင်ရွက်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံကိုပျက်စီးအောင်လည်း အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် အဓိကပြုလုပ်ခြင်းဖြစ်...

❖ ဒေသတစ်ခုပျက်စီးစေရန်အတွက် လုပ်ဆောင်ကြသူများမှာ အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံအဖျက်သမားအကြမ်းဖက်များပင်ဖြစ်...

❖ အခြားဒေသတွင်နေထိုင်သူများက လာရောက်လုပ်ဆောင်နိုင်ခြင်းမရှိ...

❖ ဥပမာပေးရမည်ဆိုပါက "အရိပ်နေနေ၊ အခက်ချိုးချိုး" ပြုလုပ်နေသူများဖြစ်...

❖ ၎င်းကဲ့သို့အကြမ်းဖက်အဖျက်သမားများကို လူထုအားဖြင့် ကာကွယ်ထိန်းသိမ်းရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး နှစ်(၈၀)ပြည့်တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များအား ဂါရဝပြုတွေ့ဆုံ

နေပြည်တော် မတ် ၂၇

နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ် ဒုတိယအဆင့် နှစ်ဦး နှင့် တတိယအဆင့် တစ်ဦး စုစုပေါင်း သုံးဦးတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညှော်ခန်းမဆောင်၌ လက်ဖက်ရည်ပွဲငိုးဖြင့် တည်ခင်းညှော်ခံ၍ ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များ၏ စာမျက်နှာ ၁၂ သို့ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ နှစ်(၈၀)ပြည့်တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များအား ဂါရဝပြုတွေ့ဆုံစဉ်။



## မြန်မာအသင်း ပါဝင်သည့် ၂၀၂၆ အာရှဖလား အမျိုးသမီး ခြေစစ်ပွဲများ ထွက်ပေါ်

၂၀၂၆ အာရှဖလား အမျိုးသမီး ခြေစစ်ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းက မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ရေးဆွဲထုတ်ပြန်ခဲ့ရာ မြန်မာအသင်းသည် အုပ်စု(C)တွင် ဘာရိန်း၊ ဘင်္ဂလားဒေ့ရှ်၊ တာ့ခ်မင်နစ္စတန်တို့နှင့် အတူ ကျရောက်ခဲ့သည်။

ခြေစစ်ပွဲဝင်မည့် ၃၄ သင်းကို ငါးသင်းပါ(၂)အုပ်စု၊ လေးသင်းပါ (၆) အုပ်စုခွဲပြီး ရေးဆွဲခဲ့ခြင်းဖြစ်ရာ ခြေစစ်ပွဲစဉ်များအား အိမ်ရှင်အဖြစ် မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဂျော်ဒန်၊ တာဂျစ်ကစ္စတန်၊ ထိုင်း၊ ဥဇဘက်ကစ္စတန်နှင့် ဗီယက်နမ်တို့က လက်ခံကျင်းပသွားမည် ဖြစ်သည်။

အုပ်စုတစ်ခုစီမှ ပထမရအသင်း ရှစ်သင်း ခြေစစ်ပွဲ အောင်မည်ဖြစ်ပြီး ၂၀၂၆ အာရှဖလား အိမ်ရှင်ဩစတြေးလျ၊ ပြီးခဲ့သည့် ၂၀၂၂ ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် တရုတ်၊ ဒုတိယနှင့် တတိယရခဲ့သည့် တောင်ကိုရီးယားနှင့် ဂျပန်တို့သည် နောက်ဆုံးအဆင့်သို့ တိုက်ရိုက်ဝင်ခွင့်ရရှိထားသည်။

ခြေစစ်ပွဲစဉ်များကို ၂၀၂၅ ဇွန် ၂၃မှ ဇူလိုင် ၅ ရက်အထိ ကျင်းပ ပြုလုပ်မည်ဖြစ်ပြီး နောက်ဆုံးအဆင့်ပွဲစဉ်များကို ဩစတြေးလျနိုင်ငံ၊ မြို့ကြီး သုံးမြို့တွင် ၂၀၂၆ ၊ မတ် ၁ မှ ၂၆ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)

0-0-0-0-0